# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၆)ရက် ၊ တနင်္ဂနွေနေ့ ၊ (5-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၆၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ ထက်လွမ်စေတီတော်သို့ သွားရောက်ဖူးမြော်

ထက်လွမ်ဘုရားဝင်း ဓမ္မခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။





**နေပြည်တော်  ဇူလိုင်  ၄**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထက်လွမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထက်လွမ်ဘုရားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လာအိုရိုးရာအတီးအမှုတ်များဖြင့် နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

**နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း သို့မဟုတ် မဲခေါင်မြစ်ဝှမ်းမှ သတင်းစကား(၁)**

ဆောင်းပါး **စာမျက်နှာ – ၁၉**

## မြန်မာ U-20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U-20 အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဇူလိုင်  ၄**


2027 AFC U–20 Asian Cup Development(အုပ်စု K)ပြိုင်ပွဲ အကြိုခြေစမ်းပွဲ ဒုတိယပွဲစဉ်အဖြစ် မြန်မာ U –20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U –20 အမျိုးသားဘောလုံးအသင်းတို့ ဇူလိုင် ၇ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။


အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်ပြီး MRTV–HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော်  ဇူလိုင်  ၄**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း–အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့ကို နောက် ၇၂ နာရီအတွင်း ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**






## လေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော်  ဇူလိုင်  ၄**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း–

**စာမျက်နှာ ၂၅ ကော်လံ ၁** ❑

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၅ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်မှသည် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသို့

အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်ယုံကြည်နားလည်မှုနှင့် အစဉ်အလာကြီးမားလှသည့် ချစ်ကြည်ရင်းနှီးမှုတို့သည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တန်ဖိုးဖြတ်မရနိုင်သော အခြေခံအုတ်မြစ်များဖြစ်သည်။ ဇူလိုင် ၃ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကမ္ပည်းတင်နိုင်ခဲ့သည့် မြန်မာ-လာအို နှစ်နိုင်ငံသမ္မတနှစ်ဦး၏ တွေ့ဆုံဆွေးနွေးမှုနှင့် နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) သည် ဒေသတွင်း သံတမန်ရေးရာသမိုင်းတွင် ထူးခြားလေးနက်သော မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း ရှုမြင်ကြရမည်ဖြစ်သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ ရောက်ရှိခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြီးစီး၍ အစိုးရသစ်ဖွဲ့စည်းပြီးနောက်ပိုင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် ပထမဆုံးအကြိမ်သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့်ခရီးစဉ်ဖြစ်သည်။

မြန်မာနှင့်လာအိုနိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်နေရုံမျှမက ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် သမိုင်းကြောင်းချင်း တူညီလှသည့်အပြင် နယ်စပ်ဒေသပြည်သူများကြား ရှမ်းဘာသာစကားဖြင့် "ပီနောင့်ကန်"၊ လာအိုဘာသာစကားဖြင့် "ဖီနွန်းကန်" (ညီအစ်ကို မောင်နှမများ) ဟူ၍ ခွဲခြားမရအောင် ရင်းနှီးကျွမ်းဝင်ခဲ့ကြသည့် သွေးရင်းမိတ်ဆွေများဖြစ်သည်။ မြန်မာ- လာအိုနှစ်နိုင်ငံခေါင်းဆောင်အဆက်ဆက်တည်ဆောက်ခဲ့သော သံတမန်ဆက်ဆံရေးသက်တမ်းသည် နှစ် ၇၀ ကျော်လာခဲ့ပြီဖြစ်သည်။ ယခုနိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်အတွင်း ကာကွယ်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍစသည်တို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အထူးသဖြင့် နှစ်နိုင်ငံမြို့တော်များဖြစ်ကြသည့် နေပြည်တော်နှင့် ဗီယင်ကျန်းမြို့တို့ကြား ညီအစ်မမြို့တော်များတည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံရေးနှင့် စီးပွားရေးအရှိန်အဟုန်ကို တိုးမြှင့်ပေးမည့် လက်တွေ့ကျသော ရလဒ်ကောင်းများပင်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှ လာအိုနိုင်ငံသို့ မိမိနိုင်ငံထုတ် မြွေဆိပ်ဖြေဆေးများ ပေးအပ်လှူဒါန်းခဲ့ခြင်းသည် အိမ်နီးချင်းကောင်းပီသသည့် ရိုင်းပင်းကူညီမှုနှင့် စာနာထောက်ထားမှုကို ပြသရာရောက်သည်။

နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံအသိုက်အဝန်းအတွင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်းငြိမ်းချမ်းရေး NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းနေမှုများနှင့် တရားဥပဒေစိုးမိုးရေး ကြိုးပမ်းချက်များအပေါ် လာအိုနိုင်ငံအနေဖြင့် အယုံကြည်ရဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေအဖြစ် အစဉ်အမြဲ ထောက်ခံရပ်တည်ပေးမည်ဟု ကတိပြုခဲ့ခြင်းမှာလည်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် များစွာအားတက်ဖွယ်ရာဖြစ်သည်။

အတိတ်သမိုင်းကြောင်း၏ ခိုင်မာမှု၊ ပစ္စုပ္ပန်၏ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မြန်မာ-လာအို နှစ်နိုင်ငံဆက်ဆံရေးသည် အာဆီယံမျက်နှာစာတွင်သာမက ကမ္ဘာ့နိုင်ငံများအလယ်၌ပါ စံပြုပြယုဂ်တစ်ခုအဖြစ် ရောက်ရှိစေမည်ဖြစ်သည်။ ယခု နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ-လာအို နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက်သာမက ဒေသတွင်းမဟာဗျူဟာမြောက်မိတ်ဖက်ပြုမှုကိုပါ ပိုမိုနက်ရှိုင်းလာစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တော်ခန်းမ၌ ကျင်းပ



**မန္တလေး ဇူလိုင် ၄**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးဒေါ်မမ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့များက ဂုဏ်ပြု အဖွင့်တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများဖြစ်ကြောင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုများကို အသိအမှတ်ပြုပြီး အခွင့်အရေးများ ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်နိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက လူမှုရေး၊ ပညာရေးနှင့် အားကစားကဏ္ဍအသီးသီးတို့တွင် တိုင်းဒေသကြီးအတွင်းမှ ထူးချွန်အမျိုးသမီးများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Video Clip၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ ဧရိပ်မွန်အမျိုးသမီးစောင့်ရှောက်မှုကျောင်းတို့မှ ကျောင်းသူများ၏ လက်မှုပစ္စည်းများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၂၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၂၉၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် နှမ်း ၂၁၅၇ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်းဧက ၂၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေး လျက်ရှိပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲနိုင်ရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။ (၂၀၆)

## သာစည်မြို့နယ် သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာဂရကျေးရွာအုပ်စု သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သုံးပတ်လည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၅၃ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ်၌ စီမံကိန်းကော်မတီဝင်များကို ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသင်တန်းပို့ချ

**ဝမ်းတွင်း ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၂၃ ရွာမှ စီမံကိန်းကော်မတီဝင်များအား ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသင်တန်း ပို့ချခြင်းကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်များနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြို့နယ်အတွင်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများတွင် လိုအပ်သည့်နည်းပညာ ပံ့ပိုးပေးခြင်း၊ ဆက်စပ်ဦးစီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကျေးရွာ ၂၃ ရွာမှ စီမံကိန်းကော်မတီဝင်ဦးရေ ၅၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် သင်ခန်းစာများကို ပို့ချပေးခဲ့ကြောင်း သိရသည်။

**ဆက်လူ**

# မန္တလေးပညာရေးဒီဂရီကောလိပ်၌ ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ဦးဆောင်မှုဖြင့် မန္တလေးပညာရေးဒီဂရီကောလိပ်၌ သန့်ရှင်းသာယာလှပစေရေး၊ စိမ်းလန်းစိုပြည်စေရေး၊ မြို့အင်္ဂါရပ်နှင့်အညီ သာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မန္တလေးပညာရေးဒီဂရီကောလိပ်အတွင်းရှိ ချုံနွယ်ပေါင်းပင်များ၊ ပလတ်စတစ်အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်နှင့် ခြင်၊ ယင်၊ ပိုးမွှားများ ကင်းဝေးစေရန် ရေမြောင်းများရှင်းလင်းခြင်း၊ မလိုအပ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၅၁၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၅၁၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၀၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ဇွန်လဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၁၅၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၃၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါး ၂၇၀၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၅၁၅၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို ပိုးမွှားကျရောက်မှုကင်းစင်စေဖို့၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်း ထွက်ရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ်တွင် အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ကာကွယ်ဆေးများထိုးနှံပေး

**စဉ့်ကိုင် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနက မြို့ပေါ် ငါးရပ်ကွက်ရှိ အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးများထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ဝန်ထမ်းများက အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက် ကလေးငယ် ၄၉ ဦးကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ပိုလီယိုရောဂါ၊ ပြင်းထန် အဆုတ်ရောင်ရောဂါ၊ ဝက်သက်ဂျိုက်သိုးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ် အပိုင်းအခြားအလိုက် ထိုးနှံပေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင် ၁၃ ဦးကို မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း ငါးရှဉ့်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇွန်လအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးရှဉ့်တွေကို သိသိသာသာဝယ်ယူမှု အားကောင်းခဲ့ပါတယ်။ ပန်းတနော်မြို့နယ်ကထွက်ရှိတဲ့ ငါးရှဉ့် အပါအဝင် အခြားရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အခုလို ငါးရှဉ့် တင်ပို့အားကောင်းလာတော့ ငါးရှဉ့် မွေးမြူသူတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ငါးရှဉ့်မွေးမြူသူများ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆုံးဖြတ်ချက်မှန်ကန်မြန်ဆန်သည့် စီးပွားရေးလုပ်ငန်းရှင်

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းတိုင်းတွင် လူသားအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်သည်။ နည်းပညာများ မည်မျှတိုးတက်လာသည်ဖြစ်ပါစေ လူသားတို့သည် လိုအပ်နေမည်သာဖြစ်သည်။ လူသားများ မည်သည့်အတွက် လိုအပ်နေသည်ဆိုပါက ဆုံးဖြတ်ချက် ချမှတ်ရမည့်သူဖြစ်ခြင်းကြောင့်ဟုဆိုပါမည်။ အလားတူပင် စက်မှုလုပ်ငန်းများမည်မျှတွင်ကျယ်သည်ဖြစ်စေ ဉာဏအားနှင့် ကာယအားသည် လိုအပ်နေသည်သာဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်လေးတစ်နိုင်ငံအတွက် ဉာဏအားနှင့် ကာယအားသည် လိုအပ်မှုမြင့်မားလျက်ရှိမြဲဖြစ်သည်။ ဉာဏပိုင်းဆိုင်ရာဖြစ်စေ၊ ကာယပိုင်းဆိုင်ရာဖြစ်စေ လုပ်ငန်းတစ်ခုတွင် ကျွမ်းကျင်မှုလိုအပ်ကြသည်သာဖြစ်သည်။ ကျွမ်းကျင်ခြင်းများသည် တစ်ဦးနှင့်တစ်ဦးမတူညီဘဲ ကွဲလွဲနေတတ်ကြသည်။ ထိုသို့ဖြစ်ခြင်းမှာ စိတ်ပါဝင်စားမှု၊ လေ့ကျင့်မှုတို့နှင့် များစွာဆက်စပ်သည်။

လေ့ကျင့်မှုသည် ကျွမ်းကျင်မှုအတွက် အခရာဖြစ်သည်ဟုဆိုနိုင်သည်။ ခန္ဓာကိုယ်ကို လေ့ကျင့်ခြင်းအပြင် စိတ်ကိုပါ လေ့ကျင့်ပေးခြင်းကလည်း ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ချမှတ်နိုင်စေသည်။ ထို့ကြောင့် လေ့ကျင့်ခြင်းဖြင့် အလေ့အထကိုဖြစ်စေပြီး မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်လာခြင်းဖြစ် သည်။ စီးပွားရေးလုပ်ငန်းများအတွက် လူ၏ကျွမ်းကျင်မှုသည် များစွာအရေးပါသည်။ ကျွမ်းကျင်မှုသည် အလေ့အထတစ်ခုဖြစ်လာစေသည်။ အမြန်ဆုံးဖြတ်နိုင်သည့် စွမ်းအင်ကိုလည်း ရရှိလာစေသည်။

**စိတ်ကိုလေ့ကျင့်ခြင်းဖြင့် တွေးခေါ်ဆုံးဖြတ်မှု လျင်မြန်နိုင်**

စိတ်ပညာရှင် ဒယ်နီရယ်ကိန်းမင်း၏ စဉ်းစားတွေးတောခြင်း၊ အမြန်နှင့်အနှေးဆိုသော စာအုပ်တွင် တွေးခေါ်ခြင်းကို စနစ်အမှတ်တစ်နှင့် စနစ်အမှတ်နှစ်ဟုခွဲထားသည်။ စနစ်အမှတ်တစ်မှာ အမြန်တွေးတော အမြန်ဆုံးဖြတ်သည့် စနစ်ဖြစ်၍ အမြန်တွေးစနစ်ဟုခေါ်နိုင်သည်။ အချို့ပညာရှင်များက အလိုအလျောက် တွေးတောခြင်းဟုပင်ဆိုကြသည်။ စနစ်အမှတ်နှစ်မှာ ဦးနှောက်က အချိန်ယူ၍ အားစိုက်ထုတ်ပြီး စဉ်းစားတွေးတောပြီးမှ ဆုံးဖြတ်ခြင်းဖြစ်သည်။ အမြန်တွေး၍ အမြန်ဆုံးဖြတ်ခြင်းနှင့် နှေးနှေးတွေး၍ ဆုံးဖြတ်ခြင်းတို့ကို ကားမောင်းလုပ်ငန်းတွင် တွေ့နိုင်သည်။ ကားမောင်းသူသည် မောင်းနှင်သည့်ကာလများလာသည်နှင့်အမျှ မြန်မြန်စဉ်းစား၊ မြန်မြန်ဆုံးဖြတ်ခြင်းကို ဆောင်ရွက်လာနိုင်သည်။ ထို့ကြောင့် ကားမောင်းသည့် လုပ်ငန်းစဉ်ဖြစ်သောလမ်းကိုကြည့်၍ စတီယာရင်မှတစ်ဆင့် ဘီးကိုလှည့်စေရန် ထိန်းသိမ်းခြင်း၊ ညာဘက်ခြေထောက်က အမြန်နှုန်းထိန်းကိရိယာကိုထိန်းသိမ်း၍ ကားအမြန်နှုန်းကို အတိုးအလျှော့လုပ်ခြင်း စသည်တို့ကို တစ်ချိန်တည်းလိုလို လုပ်နေရသည်။ ထိုအလုပ်များသည် မကျွမ်းကျင်မီက စိတ်အမှတ်နှစ်ဖြစ်သော နှေးနှေးတွေး၍ ဖြည်းဖြည်းလုပ်ခြင်းသာ လုပ်နိုင်သော်လည်း အလေ့အကျင့်များ၍ ကျွမ်းကျင်လာသည်နှင့်အမျှ အမြန်တွေး၍ အမြန်ဆုံးဖြတ်ချက်ချနိုင်ပြီး ကားကိုလည်း အရှိန်ဖြင့်မြန်မြန်မောင်းနှင်လာနိုင်မည်ဖြစ်သည်။ ကားမောင်းစဉ် လမ်းပေါ်တွင် လူများ၊ ဖြတ်သန်းသွားသည့် အနေးယာဉ်များနှင့် အခြားအမျိုးမျိုးသော အကျပ်အတည်းများကိုတွေ့ရသည့်အခါမျိုးတွင် စနစ်အမှတ်နှစ်ဖြင့် စဉ်းစားပြီး မောင်းနှင်တတ်ကြသည်။ အန္တရာယ်ကင်းသော်လည်း မောင်းနှင်သည့်အရှိန်နှေးသွားမည်ဖြစ်သည်။ အာရုံစူးစိုက်မှုအပြည့်ဖြင့် မောင်းနှင်ခြင်းမျိုးဖြစ်သည်။ မောင်းတတ်ခါစတွင်လည်း ထိုကဲ့သို့ပင် စနစ်အမှတ်နှစ်ဖြင့် သေချာစွာ စဉ်းစားတွေးတောပြီးမှ ဆုံးဖြတ်တတ်သည်။ ကား စတီယာရင်ကို တင်းတင်းဆုပ်ပြီး မောင်းနှင်နေတတ်ကြသည်။

**❖ မြန်မြန်တွေး၍ မြန်မြန်ဆုံးဖြတ်နိုင်ခြင်းကို ပိုမိုကောင်းမွန်စေရန် သင်ယူမှုများ၊ လေ့ကျင့်မှုများကို ဆက်တိုက်လုပ်ကိုင်ပေးခြင်းဖြင့် မြန်မြန်နှင့် မှန်မှန်ကန်ကန်ဆုံးဖြတ်လာနိုင်သည်။ စနစ်တကျစဉ်းစားတွေးခေါ်ဆုံးဖြတ်မှုကို မြန်မြန်နှင့် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ခြင်းသည် လေ့ကျင့်မှုကြောင့် များစွာတိုးတက်လာနိုင်သည်။ စီးပွားရေးလုပ်ငန်းများအတွက် ဆုံးဖြတ်ချက်ကို မှန်မှန်နှင့်မြန်မြန်ချမှတ်နိုင်သူသည် အခြားသူများထက် တိုးတက်ကြီးပွားမှုတွင်လည်း မြန်ဆန်မည်ဖြစ်သည်။ ❖**

အချို့သောစီးပွားရေးလုပ်ငန်းများကို စဉ်းစားတွက်ချက်တွေးတောကြသည့်အခါ တစ်ခါတစ်ရံ၌ အသက်ရှူရန်ကိုပင် မေ့နေတတ်သည်ထိ ဖြစ်တတ်ကြသည်မှာ သေချာစွာစဉ်းစားတွေးခေါ်ခြင်းကို အာရုံစိုက်ကာ စိတ်အင်အားစုစည်း ဆောင်ရွက်နေသည့်အတွက် ဖြစ်တတ်သည်။ စနစ်အမှတ်နှစ်ဖြင့် လုပ်ကိုင်ရသည့် လုပ်ငန်းမျိုး၊ ဆုံးဖြတ်ချက်မျိုး၏ အားသာချက်များမှာ တိကျမှန်ကန်မှု များပြားခြင်းဖြစ်သည်။ ယုတ္တိဗေဒဖြင့် စဉ်းစားချင့်ချိန်နိုင်သည်။ အားနည်းချက်အနေဖြင့် အချိန်များစွာ ပေးရခြင်း၊ ပျင်းရိငြီးငွေ့ဖွယ်ဖြစ်ခြင်းနှင့် စွမ်းအင်ကုန်ခန်းခြင်းတို့ဖြစ်လာသည်။ ထိုအားနည်းချက်များကြောင့်ပင် လူအများစုသည် နေ့စဉ်လုပ်ငန်းဆောင်တာများကို အမြန်တွေး၊ အမြန်ဆုံးဖြတ်သည့်စနစ်ဖြင့် အလိုအလျောက် ဆုံးဖြတ်ကြခြင်းဖြစ်သည်။

အမြန်စဉ်းစားတွေးခေါ်စိတ်က ဖြည်းဖြည်းစဉ်းစားတွေးခေါ်စိတ်ကို လွှမ်းမိုးတတ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ စနစ်အမှတ်နှစ်ဖြည်းဖြည်းစဉ်းစားတွေးခေါ်စိတ်ကို အချိန်မပေးဘဲ စနစ်အမှတ်တစ် အမြန်စဉ်းစားတွေးခေါ်စိတ်က အမြန်စဉ်းစားတွေးတောပြီး အမြန်ဆုံးဖြတ်သည်ကို လက်ခံလိုက်သဖြင့် မှားယွင်းသော ဆုံးဖြတ်ချက်များ ချမှတ်တတ်ခြင်းဖြစ်သည်။ ထို့ပြင် စိတ်သည် အမြန်ဆုံးဖြတ်ချက်ပေးနိုင်ရန်အတွက် ဦးနှောက်တွင် ထိုအချက်နှင့်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းသိမ်းဆည်းထားသဖြင့် အလိုအလျောက်တတ်သိမှုမျိုး ဦးနှောက်တွင်ရှိလာပြီး အလိုအလျောက် တုံ့ပြန်မှုမျိုးဖြစ်စေရန် စနစ်အမှတ်တစ် အမြန်စဉ်းစားတွေးခေါ်စိတ်ကလုပ်ဆောင်သည်။ ဦးနှောက်တွင် အကောင်း ၈၀ ရာခိုင်နှုန်းရှိခြင်းသည် အလွန်ကောင်းသည်။ အကောင်း ၈၀ ရာခိုင်နှုန်းကို ရှေ့တွင်ထား၍ ပြောသည့်အခါ အားလုံးနီးနီး ကောင်းမွန်သည်ဟု အမြန်စဉ်းစားတွေးခေါ်စိတ်က ချက်ချင်းပင် ကောင်းသည်ဟုတွေးကာ ပြည့်စုံသည်ဟုဆုံးဖြတ်လိုက်ခြင်းမျိုးဖြစ်သည်။ ဆုံးဖြတ်ချက်ကို မှန်ကန်အောင်ချမှတ်လိုပါက မှန်ကန်သောအချက်အလက်များကိုပါ စဉ်းစားပြီး ဆုံးဖြတ်နိုင်သည့်အခြေအနေမျိုးဖြစ်ရန် စနစ်အမှတ်နှစ် ဖြည်းဖြည်းစဉ်းစားတွေးခေါ်စိတ်ကို လေ့ကျင့်မှုများဖြင့် အမြန်တွေး၍ အမြန်ဆုံးဖြတ်နိုင်သည့် ဘောင်အတွင်းဝင်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ထို့ကြောင့် စနစ်အမှတ်တစ်စိတ်ဖြင့် ဆုံးဖြတ်ချက်ကိုချမှတ်နေရသည့် အချိန်မျိုးတွင် စနစ်အမှတ်နှစ်ကို လုပ်ဆောင်နိုင်ရန်အတွက် ခေတ္တမျှတွေးတောချိန်ရယူပြီး ဆုံးဖြတ်ချက်မှန်အောင်ဆောင်ရွက်ရသည်။ ဥပမာ- စင်ပေါ်တွင်ကိစ္စတစ်ခုကို အလွတ်ပြောနေသည့်အခါ စနစ်အမှတ်တစ်က ဆုံးဖြတ်သည့်အတိုင်း ပြောဆိုနေခြင်းဖြစ်သော်လည်း စကားပြောခြင်းကို ခဏတာဖြတ်ခြင်း၊ နှေးနှေးပြောခြင်း၊ စက္ကန့်ပိုင်းမျှနားခြင်း စသည့်အခြေအနေမျိုးဖန်တီးပြီး စဉ်းစားချိန်ရအောင်လုပ်ပေးခြင်းဖြင့် ဖြည်းဖြည်းစဉ်းစားတွေးတောဆုံးဖြတ်ခြင်းကပါ ပါဝင်ဆုံးဖြတ်ပေးလာ၍ ပိုမိုထိရောက်သော ပြောဆိုမှုမျိုးကို ရရှိနိုင်ကြောင်း သိရသည်။ ထို့ကြောင့် အချုပ်အနေဖြင့် မြန်မြန်တွေး၍ မြန်မြန်ဆုံးဖြတ်နိုင်ခြင်းကို ပိုမိုကောင်းမွန်စေရန် သင်ယူမှုများ၊ လေ့ကျင့်မှုများကို ဆက်တိုက်လုပ်ကိုင်ပေးခြင်းဖြင့် မြန်မြန်နှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်လာနိုင်သည်။ စနစ်တကျစဉ်းစားတွေးခေါ်ဆုံးဖြတ်မှုကို မြန်မြန်နှင့် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ခြင်းသည် လေ့ကျင့်မှုကြောင့် များစွာတိုးတက်လာနိုင်သည်။ စီးပွားရေးလုပ်ငန်းများအတွက် ဆုံးဖြတ်ချက်ကို မှန်မှန်နှင့် မြန်မြန်ချမှတ်နိုင်သူသည် အခြားသူများထက် တိုးတက်ကြီးပွားမှုတွင်လည်း မြန်ဆန်မည်ဖြစ်သည်။

**ကျွမ်းကျင်စေရန် လေ့ကျင့်ပါ**

ထိုသို့ စဉ်းစားဆုံးဖြတ်မှု မြန်ဆန်မှန်ကန်သည့် ကျွမ်းကျင်သူများဖြစ်လာရေးအတွက် လေ့ကျင့်သင်ကြားရမှုသည်လည်း အစဉ်အမြဲလုပ်နေရမည်ဖြစ်သည်။ ထို့ကြောင့် ရှင်သန်နေသရွေ့ ဘဝတွင်လေ့လာနေရမည်ဖြစ်သည်ဟုဆိုကြသည်။ ဤနေရာတွင် လေ့လာသင်ယူမှုကို အကျယ် ထက် အနက်ကိုဦးစားပေးလိုက်ပါက အပေါ်ယံသိဖြစ်မလာဘဲ ကျွမ်းကျင်ပိုင်နိုင်သူဖြစ်လာမည်။ ကျွမ်းကျင်ပိုင်နိုင်ရန်၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှုကို တစိုက်မတ်မတ်လုပ်နေသင့်သည်ဟုဆိုနိုင်သည်။ လေ့လာမှု၊ သင်ယူမှုများမရှိလျှင် ကျွမ်းကျင်မှုလည်းမရှိ၊ တိုးတက်မှုလည်းမရှိ၊ ကုန်ထုတ်လုပ်မှုစွမ်းအားလည်း တိုးတက်လာမှု မရှိနိုင်ပေ။ ထို့ကြောင့် လုပ်ငန်းရှင်တို့သည် မိမိတို့အလုပ်အတွက် လိုအပ်သောကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများကို ပြင်ပမှအဆင်သင့်ကျွမ်းကျင်ပြီးသူများကိုခေါ်ဆိုခြင်းနှင့် ဈေးသက်သာသော မကျွမ်းကျင်သေးသူများကို ခေါ်ယူပြီး လေ့ကျင့်သင်ကြားပေးကာ ကျွမ်းကျင်သူများဖြစ်လာအောင်ဆောင်ရွက်ခြင်းကို ယှဉ်တွဲဆောင်ရွက်ခြင်းဖြင့်လုပ်ငန်းကို တိုးတက်စေသည်။

ကျွမ်းကျင်သူများ ဖြစ်လာစေရန် လေ့ကျင့်သည့်အခါတွင် အဓိကအားဖြင့် ရက်တိုသင်တန်းများ၊ ဒီပလိုမာသင်တန်း စသည့်သင်တန်းများဖြင့် လေ့ကျင့်ပေးလေ့ရှိသည်။ ကွန်ဖူးသိုင်းပညာရပ်ကို ကမ္ဘာက သိစေသည့် ကွန်ဖူးသိုင်းပညာရှင် ရုပ်ရှင်မင်းသား ဘရုစ်လီက ကန်နည်းတစ်သောင်းကို တစ်ကြိမ်စီ လေ့ကျင့်ထားသူကို မကြောက်ပါ၊ တစ်မျိုးတည်းသော ကန်နည်းကို အကြိမ်တစ်သောင်းလေ့ကျင့်ထားသူကို ကြောက်ပါသည်ဟု ပြောခဲ့သည်။ တစ်မျိုးတည်းကို အကြိမ်များစွာ လေ့ကျင့်ထားသူသည် တိုက်ခိုက်ရေးပညာတွင် ကြောက်စရာကောင်းသည်ဆိုခြင်းမှာ လေ့ကျင့်မှုကောင်းခြင်းကြောင့် ကျွမ်းကျင်မှု၊ ထိရောက်မှု၊ ထက်မြက်မှု၊ မြန်ဆန်မှု၊ စသည်တို့ဖြင့် ပြည့်စုံသည့် တစ်မျိုးကောင်းသူသည် စီးပွားရေးအပါအဝင် မည်သည့်ကဏ္ဍတွင်မဆိုတော်သည့်သူများဖြစ်သည်ဟုဆိုလိုခြင်းဖြစ်သည်။

သင်ယူခြင်း၊ လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်ကြသည့်အခါတွင် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်သည်။ ၎င်းအကျိုးကျေးဇူးများမှာ ကျွမ်းကျင်မှုနှင့်အသိပညာ၊ အလုပ်အကိုင်အခွင့်အလမ်းတိုးမြင့်လာခြင်း၊ အဆက်အသွယ်ကောင်းများရရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချခြင်း၊ အမြင်သစ်အတွေးသစ်များရရှိခြင်း၊ စည်းစနစ်ကျနလာခြင်း၊ ခေတ်ရေစီးကြောင်းကို ရင်ပေါင်တန်းနိုင်ခြင်း၊ အဖွဲ့အစည်းဖြင့် အကောင်အထည်ဖော်တတ်ခြင်းနှင့် အမှားနည်းစေခြင်းတို့ဖြစ်သည်။

အမြန်တွေး၍ အမြန်ဆုံးဖြတ်နိုင်စေရန် လေ့ကျင့်ပါ၊ ထပ်လေ့ကျင့်ပါဟုဆိုချင်သည်။ ကိုယ်ကျွမ်းကျင်လိုသော အလုပ်တွင် ထပ်တလဲလဲသင်ယူပါ၊ လေ့လာပါ၊ လေ့ကျင့်ပါ၊ မွမ်းမံပါ၊ သို့မှသာ ဆုံးဖြတ်ရာတွင် အမှန်ဆုံးနှင့် အမြန်ဆုံးဖြစ်လာပြီး အောင်မြင်သော စီးပွားရေးသမားဖြစ်လာနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– Daniel Kahneman ၏ "Thinking, Fast and Slow."

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာ ပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရ ဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့ တစ်နေ့တာအချိန် ၂၄ နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စိုက်စို့သစ်ပင် မိုးကျစဉ်

- ရာသီသဘာဝ ပူပြင်းလှတာ
လျော့ကျနည်းပါး မျှတသွားတာ၊
လိုလားပါလျှင် မိုးကျစဉ်ဝယ်
သစ်ပင်စိုက်ခြင်း သင်ဆောင်ကြဦး။

- ကိုယ့်မြို့ကိုယ့်ရွာ စိမ်းစိုပါသော
ပသာဒအား ဖြစ်တည်ပြောရန်၊
လိုလားပါလျှင် မိုးကျစဉ်ဝယ်
သစ်ပင်စိုက်ခြင်း သင်ဆောင်ကြဦး။

- သဘာဝဘေး လျော့ပါးရေးတွက်
ချင့်တွေးစဉ်းစား ကာကွယ်ပြောရန်
လိုလားပါလျှင် မိုးကျစဉ်ဝယ်
သစ်ပင်စိုက်ခြင်း သင်ဆောင်ကြဦး။

- သစ်ပင်စိုက်တာ မြေကမ္ဘာကို
သာယာစေရေး ကုစားပေးသွင်
ကျေးငှက်တွေအား လာခိုနား၍
ကျက်စားနိုင်ရန် စိတ်ရည်သန်ပြီး
ဖန်တီးပေးတာ ဆိုဖွယ်ရာနှင့်
နောင်လာနောက်သား လူများအတို့
စားဖွယ်သီးနှံ ပန်းမန်သစ်ဝါး
ပေါများစေမှု ဖြစ်တည်ပြုမို့
ကုသိုလ်တွေလည်း ရကာရယ်။
ပတ်ဝန်းကျင်လည်းလှစေတယ်။ ။

အညာဇင်ယော်

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၅၄၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၅၄၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၈၅၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၄၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ကြံ ၈၅၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၅၄၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေပါတယ်။ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ကြံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၇၆ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၅၅၉ ဧက၊ ဝက်လက်မြို့နယ်တွင် ၃၆၁ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၄၁၉ ဧက စုစုပေါင်း ၅၄၁၅ ဧကဖြစ်ကြောင်း သိရသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့မှာ အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကဝမြို့နယ် ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေး

ကဝ ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပြည်တော်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်တော်သာကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေးမြတ်**

# ဝမ်းတွင်းမြို့နယ် တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း ဇူလိုင် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ တောင်ဘိုကျေးရွာအုပ်စု တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်ဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆၁ ဦးကို ငွေကျပ် ၃၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**

# နိုင်ငံတကာ သတင်းများ

## နိုင်ဂျီးရီးယားမှ တပ်ဖွဲ့ဝင်အများစု အမေရိကန်တပ်မတော် ပြန်လည်ရုပ်သိမ်းထား



**အဘူဂျာ ဇူလိုင် ၄**

နိုင်ဂျီးရီးယားနိုင်ငံ၌ အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု (အိုင်အက်စ်) စစ်ဆင်ရေးများ ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသည် နိုင်ဂျီးရီးယား၌ ဖြန့်ကြက်ထားသော စစ်အင်အားအများစုကို ပြန်လည်ရုပ်သိမ်းထားပြီးဖြစ်ကြောင်း ဇူလိုင် ၃ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တပ်ဖွဲ့ဝင်အများစုကို ပြန်လည်ရုပ်သိမ်းထားသော်လည်း မိမိတို့အနေဖြင့် နိုင်ဂျီးရီးယားအစိုးရ၏ မေတ္တာရပ်ခံချက်အရ ထောက်လှမ်းရေး သတင်းအချက်အလက်များပံ့ပိုးပေးနေကြောင်း အမေရိကန်တပ်မတော်၏ အာဖရိကစစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် မေလအတွင်း အမေရိကန်နှင့် နိုင်ဂျီးရီးယားတပ်များသည် နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်း၌ အိုင်အက်စ်အုပ်စု ချေမှုန်းမှုစစ်ဆင်ရေးများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ စစ်ဆင်ရေးများအတွင်း အမေရိကန်တပ်များနှင့် နိုင်ဂျီးရီးယားတပ်များသည် အိုင်အက်စ်အုပ်စု၏ တစ်ကမ္ဘာလုံး ဆိုင်ရာ ဒုတိယအကြီးအကဲ အဘူဘီလားအယ်လ်မီနူကီကို ရှင်းလင်းနိုင်ခဲ့သည်။

အမေရိကန်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့၏ စစ်ရေးပူးပေါင်းဆောင်ရွက်မှုများသည် အနာဂတ် အာဖရိကလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် စံပြပုံစံတစ်ရပ်ဖြစ်ကြောင်း အမေရိကန်တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန် တပ်မတော်သည် ၂၀၂၅ ခုနှစ် ခရစ္စမတ်နေ့တွင် နိုင်ဂျီးရီးယားနိုင်ငံ၌ အိုင်အက်စ် ချေမှုန်းမှုစစ်ဆင်ရေးများ စတင်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နှင့် ဥရောပသမဂ္ဂ ကုန်သွယ်ရေး ဆွေးနွေးပွဲများ တစ်နှစ် နှစ်ကြိမ်ကျင်းပမည်



**ပေကျင်း ဇူလိုင် ၄**

တရုတ်နှင့် ဥရောပသမဂ္ဂတို့ကြား ဝန်ကြီးများအဆင့်ကုန်သွယ်ရေးဆွေးနွေးပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ တရုတ်နှင့် ဥရောပသမဂ္ဂ ကုန်သွယ်ရေး ဆွေးနွေးပွဲများကို ယခုနှစ် ဆောင်းဦးရာသီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲအတွက် ဥရောပသမဂ္ဂ ကုန်သွယ်ရေး မဟာမင်းကြီး မားရော့စ်ဆီကိုဗစ်ကို ပေကျင်းမြို့သို့ လာရောက်ရန် တရုတ်အစိုးရက ဖိတ်ကြားထားသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဥရောပသမဂ္ဂ ကုန်သွယ်ရေး မဟာမင်းကြီး ဆီကိုဗစ်နှင့် တရုတ်ကုန်သွယ်ရေးဝန်ကြီး ဝန်ဝမ်တန်တို့ ပြီးခဲ့သည့် ဇွန် ၂၉ ရက်တွင် တွေ့ဆုံခဲ့ပြီးနောက် တရုတ်-ဥရောပသမဂ္ဂ ကုန်သွယ်ရေး ဆွေးနွေးပွဲများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရန် သဘောတူညီချက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂသည် တရုတ်နှင့် ကုန်သွယ်ရာတွင် ကုန်သွယ်ရေး လိုငွေပြသမှုကို လျှော့ချရေးအတွက် ကြိုးပမ်းနေရသည်။

၂၀၂၅ ခုနှစ်အတွင်း တရုတ်နှင့် ကုန်သွယ်ရာတွင် ဥရောပသမဂ္ဂအနေဖြင့် ကုန်သွယ်ရေးလိုငွေ ယူရိုဘီလီယံ ၃၆၀ (အမေရိကန်ဒေါ်လာ ဘီလီယံ ၄၁၀)ထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## လူဝင်မှုဆန့်ကျင်ရေးဆန္ဒပြပွဲများကြောင့် တပ်ဖွဲ့ဝင် ဦးရေ ၃၀၀၀ကျော် တောင်အာဖရိက ဖြန့်ကြက်မည်

**ဂျိုဟန်နက်စဘတ် ဇူလိုင် ၄**

လူဝင်မှုဆန့်ကျင်ရေးဆန္ဒပြပွဲများအတွင်း ရဲတပ်ဖွဲ့ကိုအကူအညီပေးရေးနှင့် လုံခြုံရေးမြှင့်တင်ရေးတို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအရ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဦးရေ ၃၀၀၀ ကျော် ဖြန့်ကြက်ရန် တောင်အာဖရိကအစိုးရက စီစဉ်ထားကြောင်း ဇူလိုင် ၃ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လူဝင်မှုဆန့်ကျင်ရေး ဆန္ဒပြပွဲများကို အပတ်စဉ်တိုင်းပြုလုပ်မည်ဖြစ်ကြောင်း ဆန္ဒပြပွဲစီစဉ်ထားသူများက ပြောကြားထားသည်။

ဇွန် ၃၀ ရက်တွင် တောင်အာဖရိကနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော လူဝင်မှုဆန့်ကျင်ရေးဆန္ဒပြပွဲများအတွင်း အကြမ်းဖက်မှုများ၊ လုယက်မှုများဖြစ်ပွားခဲ့သည်။

တောင်အာဖရိကနိုင်ငံအတွင်း ရောက်ရှိနေသော အထောက်အထားမဲ့ နိုင်ငံခြားသားများအရေးကို အစိုးရက ထိထိရောက်ရောက် ကိုင်တွယ်ချိန်ထိတိုင် အပတ်စဉ်ကြာသပတေးနေ့တိုင်း လူဝင်မှုဆန့်ကျင်ရေး ဆန္ဒပြပွဲများကို ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ဆန္ဒပြပွဲစီစဉ်သူများက ပြောကြားထားသည်။

အဆိုပါ ဆန္ဒပြပွဲများအတွင်း လုံခြုံရေးနှင့် ရဲတပ်ဖွဲ့ကို ကူညီရေးတို့အတွက် တောင်အာဖရိကတစ်နိုင်ငံလုံး အတိုင်းအတာအရ လက်နက်ကိုင်တပ်ဖွဲ့ဝင် ၃၄၀၅ ဦးထိ ဖြန့်ကြက်ထားမည်ဖြစ်ကြောင်း တောင်အာဖရိကသမ္မတဆိုင်းရီးရာမာဖိုဆာက လွှတ်တော်သို့ အသိပေးထားသည်။

ယခု ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သည့် လူဝင်မှုဆန့်ကျင်ရေးဆန္ဒပြပွဲများအတွင်း အကြမ်းဖက်မှုများကျူးလွန်မှုဖြင့် တောင်အာဖရိကရဲတပ်ဖွဲ့က လူဦးရေ ၉၀၀ ကျော် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ယူကရိန်းအရှေ့ပိုင်း အဓိကမြို့တစ်မြို့ကို ရုရှားတပ်များ ထိန်းချုပ်

**မော်စကို ဇူလိုင် ၄**

ရုရှားတပ်များ အနေဖြင့် ယူကရိန်းအရှေ့ပိုင်း ကိုစတီယန်တီနစ်ဗ်ကာမြို့ကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကိုစတီယန်တီ နစ်ဗ်ကာမြို့ ထိန်းချုပ်နိုင်မှုကို ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗယ်လာရီဂျီရာဆီမော့ဗ်က ရုရှားသမ္မတ ပူတင်ထံ ဇူလိုင် ၃ ရက်တွင် အသိပေးတင်ပြခဲ့သည်။

လက်ရှိတွင် ရုရှားတပ်များသည် ဒွန်းနက်စ်ဒေသတစ်ခုလုံး လွတ်မြောက်ရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေကြောင်း ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်က ပြောကြားထားသည်။

ရုရှားတပ်များ အနေဖြင့် ယူကရိန်းတပ်များ၏ အဓိကခံစစ်မြို့ဖြစ်သည့် ကိုစတီယန်တီနစ်ဗ်ကာမြို့ကို သိမ်းပိုက်ထားနိုင်ပြီဖြစ်ကြောင်း ရုရှားဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်က ရုရှားသမ္မတ ပူတင်နှင့်တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားတပ်များသည် ယူကရိန်းစစ်ရေးပဋိပက္ခ ငါးနှစ်တာကာလအတွင်း ဝင်ရောက်လာချိန်တွင် ကိုစတီယန်တီ နစ်ဗ်ကာမြို့ကို ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ကိုစတီယန်တီနစ်ဗ်ကာမြို့ကို သိမ်းယူနိုင်ခဲ့မှုသည် စစ်ရေးမဟာဗျူဟာအရ အရေးကြီးသည်ဟု ရုရှားသမ္မတ ပူတင်က သုံးသပ် ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အယာတိုလာခါမေနီ၏ဈာပန တီဟီရန်မြို့၌ စတင်ကျင်းပ

**တီဟီရန် ဇူလိုင် ၄**

ကွယ်လွန်သူ အီရန်ခေါင်းဆောင် အယာတိုလာခါလီမေနီ၏ ဈာပနအခမ်းနားကို အီရန်နိုင်ငံ တီဟီရန်မြို့၌ ယနေ့တွင် စတင်ကျင်းပခဲ့ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

တီဟီရန်မြို့ ဂရန်းမိုဆာလာ ဘာသာရေး အဆောက်အအုံ၌ အယာတိုလာခါမေနီ၏ ရုပ်အလောင်းကို ထားရှိထားပြီး လာမည့် သုံးရက်အတွင်း ပြည်သူ ၁၅ သန်းမှ သန်း ၂၀ ထိ လာရောက်ဂါရဝပြုဖွယ်ရှိကြောင်း အီရန်မီဒီယာများက ခန့်မှန်းထားသည်။

အယာတိုလာခါမေနီ၏ ဈာပနအခမ်းနားကို အီရန်၏ ရန်သူများကို အီရန်၏ အင်အားပြသနိုင်မည့် အခမ်းအနားတစ်ခုအဖြစ် အသုံးချရန် အီရန်အစိုးရက ရည်ရွယ်ထားသည်။



ဇွန် ၁၇ ရက်တွင် ရယူထားသည့် အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးယာယီ သဘောတူညီချက်အရ အမေရိကန်နိုင်ငံနှင့် ရက် ၆၀ အပစ်အခတ်ရပ်စဲရေး ရယူထားချိန်တွင် အယာတိုလာခါမေနီ၏ ဈာပနအခမ်းနားကို အီရန်အစိုးရက စတင်ကျင်းပနေခြင်းဖြစ်သည်။

အသက် ၈၉ နှစ်ရှိ အယာတိုလာခါမေနီသည် အီရန်စစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့သော ဖေဖော်ဝါရီ ၂၈ ရက်မှာပင် အမေရိကန်နှင့် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။

အယာတိုလာခါမေနီ၏ ရုပ်အလောင်းကို ဇူလိုင် ၉ ရက်တွင် အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း မက်ရှ်ဟက်ဒ်မြို့၌ မြှုပ်နှံသင်္ဂြိုဟ်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



ဝါရှင်တန် ဇူလိုင် ၄

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဇူလိုင် ၂ ရက်တွင် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက် အတွက် ဂြိုဟ်တု ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၄ စင်းသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမ အဆင့်ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ကိုးမိနစ်ခန့်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဇူလိုင် ၂ ရက်မစ်ရှင် အောင်မြင်မှုကြောင့် စတားလင့်ခ်ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တုစင်းရေ ၁၀၇၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်သည်။

အထက်ပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၇၉ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မြေပြင်အခြေစိုက် နက္ခတ္တရူပဗေဒလေ့လာရေးလုပ်ငန်းများကိုကယ်တင်ရေးအတွက် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းရှိ ဂြိုဟ်တုစင်းရေကိုကန့်သတ်ရန် ဥရောပသိပ္ပံပညာရှင်များ အဆိုပြုထား

ပဲရစ် ဇူလိုင် ၄

မြေပြင်အခြေစိုက် နက္ခတ္တရူပဗေဒလေ့လာရေးလုပ်ငန်းများကို ကယ်တင်ရေးအတွက် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းရှိ ဂြိုဟ်တုစင်းရေကို ကန့်သတ်ရန် ဥရောပသိပ္ပံပညာရှင်များက အဆိုပြုထားကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။



လက်ရှိအချိန်တွင် ကမ္ဘာ့ပတ်လမ်းပေါ်၌ ဂြိုဟ်တုစင်းရေ ၁၄၀၀၀ ကျော်ထိရှိနေပြီး နောင်သုံးနှစ်မျှအကြာတွင် အထက်ပါ ဂြိုဟ်တုအရေအတွက်မှာ နှစ်ဆခန့်ထိ မြင့်တက်လာနိုင်သည်။

ထို့ပြင် စပေ့စ်အိတ်ကုမ္ပဏီနှင့် Reflect Orbital ကဲ့သို့ အာကာသနည်းပညာကော်ပိုရေးရှင်းများကလည်း ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ဂြိုဟ်တုစင်းရေ ၁ ဒသမ ၇ သန်းခန့်ထိ လွှတ်တင်ရန်လည်း အဆိုပြုထားသည်။

သို့ရာတွင် အထက်ပါဂြိုဟ်တုများ၏ အလင်းပြန်အားကြောင့် မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်များအနေဖြင့် စကြဝဠာကို စူးစမ်းလေ့လာရန် ပိုမိုခက်ခဲလာနိုင်ကြောင်း ဥရောပသိပ္ပံပညာရှင်များက သတိပေးထားသည်။

သို့ဖြစ်ရာ မြေပြင်အခြေစိုက် ရေဒီယို တယ်လီစကုပ်များ၏ နက္ခတ္တရူပဗေဒ လေ့လာရေးလုပ်ငန်းများကို ကယ်တင်ရေးအတွက် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းရှိ ဂြိုဟ်တုအရေအတွက်ကို ကန့်သတ်သင့်ကြောင်း ဥရောပသိပ္ပံပညာရှင်များက ပြောကြားသည်။

ဥရောပသိပ္ပံပညာရှင်များ၏ အကဲဖြတ်ဆန်းစစ်ချက်အရ ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဂြိုဟ်တုစင်းရေ ၁၀၀၀၀၀ မကျော်သင့်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နာဆာနှင့် နော့ရော့ဂရူးမင်းကုမ္ပဏီတို့က ပီးဂါးဆပ်အိတ်အယ်ဒုံးပျံကို လွှတ်တင်ရန်ကြိုးပမ်းခဲ့သော်လည်း ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် အစီအစဉ်ဖျက်သိမ်းခဲ့ရ

ဝါရှင်တန် ဇူလိုင် ၄

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် နော့ရော့ဂရူးမင်းကုမ္ပဏီတို့သည် လင့်အမည်ရှိအာကာသယာဉ်ကို သယ်ဆောင်ထားသည့် ပီးဂါးဆပ်အိတ်အယ်ဒုံးပျံကို ဇူလိုင် ၂ ရက်တွင် လွှတ်တင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် အစီအစဉ် ဖျက်သိမ်းခဲ့ရကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် ပီးဂါးဆပ်အိတ်အယ်ဒုံးပျံကို ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် လွှတ်တင်ရန် ကြိုးပမ်းခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရပြီးဖြစ်သည်။

အဆိုပါဒုံးပျံကို ဇူလိုင် ၂ ရက်တွင် လွှတ်တင်ရန် ထပ်မံကြိုးပမ်းခဲ့သော်လည်း ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် အစီအစဉ်ထပ်မံဖျက်သိမ်းထားရသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် ပီးဂါးဆပ်အိတ်အယ်ဒုံးပျံကို နော့ရော့ဂရူးမင်းကုမ္ပဏီ၏ စတားဂေဇာလေယာဉ်ဖြင့် ဝေဟင်မှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားသည်။

ပီးဂါးဆပ်အိတ်အယ်ဒုံးပျံ သယ်ဆောင်ထားသည့် လင့်အာကာသယာဉ်သည် နာဆာ၏ ဆွစ် အာကာသရေဒီယိုတယ်လီစကုပ်၏ပတ်လမ်းအမြင့်ကိုမြှင့်တင်ရန် ရည်ရွယ်တည်ဆောက်ထားသော အာကာသယာဉ်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် လင့်အာကာသယာဉ်သည် စက်ရုပ်လက်တံသုံးခု၏ အကူအညီဖြင့် ဆွစ် အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်ကို ကမ္ဘာမြေပြင်အထက် ၃၇၃ မိုင်အကွာပတ်လမ်းပေါ်သို့ မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ပန်ကရိယကင်ဆာအတွက် သွေးစစ်နည်း ပုံစံတစ်မျိုးကြောင့် လူနာများအနေဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများ ခံစားရနိုင်ဖွယ်ရှိ

နယူးယောက် ဇူလိုင် ၄

ပန်ကရိယကင်ဆာရောဂါကုသမှုခံယူနေရသော လူနာများအနေဖြင့် သွေးစစ်နည်းပုံစံတစ်မျိုးကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများ ရယူခံစားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

အထက်ပါသွေးစစ်နည်းသည် ခာတ်မှန်စစ်ဆေးမှုများမှ လွတ်ထွက်ခဲ့သည့် ပန်ကရိယကင်ဆာဆဲလ်အကြွင်းအကျန်များကို ဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Digital Droplet PCR(DDPCR) အမည်ရှိ သွေးစစ်နည်းသည် NGS ခေါ် သမားရိုးကျသွေးစစ်နည်းများထက် ပန်ကရိယကင်ဆာဆဲလ်အကြွင်းအကျန်များကို ထောက်လှမ်းရာတွင် လေးဆပို၍ထိရောက်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

DDPCR သွေးစစ်ဆေးနည်းသည် ပန်ကရိယကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ၉၀ ရာခိုင်နှုန်း၏လက်သည်ဖြစ်သော KRAS ခေါ် မျိုးဗီဇတစ်မျိုးကို တိကျစွာရှာဖွေပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ DDPCR သွေးစစ်နည်းသည် ခာတုကုထုံးနှင့် ခွဲစိတ်ကုသမှုတို့ ခံယူပြီးသည့်နောက်မှာပင် ပန်ကရိယကင်ဆာလူနာအများစု၏ ကင်ဆာဆဲလ်အကြွင်းအကျန်များကို ရှာဖွေထောက်လှမ်း ပေးနိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပဋိသန္ဓေတားဆေး ရေရှည်သုံးစွဲသူ အမျိုးသမီးများ ဦးနှောက်အကျိတ်အဖု ပုံစံတစ်မျိုးပေါ်ထွက်လာနိုင်ခြေ မြင့်မားနိုင်

ကိုပင်ဟေဂင် ဇူလိုင် ၄

ပဋိသန္ဓေတားဆေး ရေရှည်သုံးစွဲသူ အမျိုးသမီးများသည် ဦးနှောက်အကျိတ်အဖုပုံစံတစ်မျိုး ပေါ်ထွက်လာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၃ ရက်တွင် ပြောကြားသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် အမျိုးသမီး သုံးသန်းကျော်တို့၏ ၂၅ နှစ်တာကာလ ကျန်းမာရေး မှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ပရိုဂျက်စတိုဂျင်ဟော်မုန်းပါဝင်သည့် သောက်ဆေးများ၊ ထိုးဆေးများ ရေရှည်သုံးစွဲမှုကြောင့် Meningioma ခေါ် ဦးနှောက်အကျိတ်အဖုတစ်မျိုးပေါ်ထွက်လာနိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်ကြောင်း သိရသည်။

Meningioma အကျိတ်အဖုများသည် ဦးနှောက်ဝန်းကျင်နှင့် ကျောရိုးတို့၌ ပေါ်ထွက်လာတတ်သော ကင်ဆာမဟုတ်သည့် အကျိတ်အဖုတစ်မျိုးဖြစ်သည်။

အဆိုပါအကျိတ်အဖုများသည် သာမန်အားဖြင့် ဘေးအန္တရာယ်မရှိသော်လည်း ခေါင်းကိုက်ခြင်း၊ သတိလစ်မေ့မျောခြင်းနှင့် အမြင်အာရုံပြဿနာများ ဖြစ်ပွားစေတတ်သည်ဟု ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ကို ဂျိုကိုဗစ်တက်ရောက်

**လန်ဒန် ဇူလိုင် ၄**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ပြင်သစ် တင်းနစ်ကစားသမား ရင်ဒါနက်ချ်တို့ ယှဉ်ပြိုင်ခဲ့ရာ ဂျိုကိုဗစ်က (၇-၆၊ ၆-၄၊ ၁-၆၊ ၇-၆)ရလဒ်ဖြင့်အနိုင်ရပြီး စတုတ္ထ အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်အနေဖြင့် အနိုင်ရခဲ့သော်လည်း ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ၎င်းအနိုင်ရခဲ့သော ပွဲငယ်သုံးပွဲလုံး tie-break အဆင့်ထိကစားခဲ့ရကာ ရှုံးနိမ့်ခဲ့သော ပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဂျိုကိုဗစ်အနေဖြင့် ရင်ဒါနက်ချ်ကို အနိုင်ရခဲ့သော နိုင်ပွဲကြောင့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် နိုင်ပွဲအများဆုံးရရှိထားသော ဆွစ်ဇာလန် ဂန္ထဝင်တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရာ၏ စံချိန်ကို လိုက်မီခဲ့သည်။

ဂျိုကိုဗစ်က "ရော်ဂျာဖက်ဒရာရဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ နိုင်ပွဲအများဆုံးရရှိထားတဲ့ စံချိန်ကို အမီလိုက်နိုင်လို့ ဂုဏ်ယူပါတယ်။ ဒီမှတ်တမ်းဟာ အမီလိုက်နိုင်ဖို့ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ ရဖို့ခက်ခဲတဲ့ မှတ်တမ်းကို ရယူနိုင်ခဲ့တာဟာ ကျွန်တော့် ကစားသမားဘဝအတွက် အမြဲတမ်း အမှတ်ရစေပါလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : ESPN**
**Trs : AZL**



# ဂတ်စီယက်က ထိုးသတ်ရန်စိန်ခေါ်သူ တိုနီယိုခါ ဒဏ်ရာရခဲ့သည့်အတွက် အစားထိုးပြိုင်ဘက်ရှာဖွေမည်

**မော်စကို ဇူလိုင် ၄**

WBA(Regular) ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ရုရှားလက်ဝှေ့သမား ဂတ်စီယက်သည် ပြင်သစ်လက်ဝှေ့သမား တိုနီယိုခါနှင့် ဇူလိုင် ၁၁ ရက်တွင် ထိုးသတ်ရန် ပွဲစီစဉ်ထားသော်လည်း တိုနီယိုခါသည် လေ့ကျင့်ရေး အစီအစဉ်တွင် ဒဏ်ရာရရှိခဲ့ပြီး စိန်ခေါ်ပွဲ ထိုးသတ်နိုင်မည်မဟုတ်သည့်အတွက် အစားထိုးပြိုင်ဘက် ရှာဖွေမည်ဖြစ်ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂတ်စီယက်အနေဖြင့် လက်ရှိချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်ကို မဖြစ်မနေထိုးသတ်ရန် စီစဉ်နေခြင်းသည် ပြိုင်ဘက်ကင်း ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်က ချန်ပီယံခါးပတ်များကို စွန့်လွှတ်ကြောင်း ကြေညာခဲ့သဖြင့် လစ်လပ်နေသော ခါးပတ်များအတွက်ထိုးသတ်သွားရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ဂတ်စီယက်က "တိုနီဟာ လေ့ကျင့်ရေးအစီစဉ်မှာ ဒဏ်ရာရသွားတယ်လို့ အကြောင်းကြားလာပါတယ်။ ဒဏ်ရာကြောင့် သူထိုးသတ်နိုင်တော့မှာ မဟုတ်ပါဘူး။ သူ့နေရာကို ပြိုင်ဘက်တစ်ဦးနဲ့ အမြန်ဆုံးရှာဖွေသွားဖို့ ပြင်ဆင်နေပါတယ်။ ကျွန်တော့်အနေနဲ့လဲ ဒီပွဲစဉ်ကို မဖြစ်မနေ ထိုးသတ်သွားချင်ပါတယ်။ ဒါ့ကြောင့် Promoter ကိုလဲ အစားထိုးပြိုင်ဘက်တစ်ဦး အမြန်ဆုံးရှာပေးဖို့ တောင်းဆိုထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Fight Mag**
**Trs : AZL**

# ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အာဂျင်တီးနားအသင်းမှ မက်ဆီ သွင်းဂိုး ခုနစ်ဂိုးဖြင့် ထိပ်ဆုံး၌ဦးဆောင်

**ဖလော်ရီဒါ ဇူလိုင် ၄**



၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် အာဂျင်တီးနား အသင်းက ကိတ်ဗာဒီအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် မက်ဆီက အာဂျင်တီးနားအသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပြီးနောက် ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် သွင်းဂိုး ခုနစ်ဂိုးဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် အယ်လ်ဂျီးရီးယား အသင်းကို ဟက်ထရစ်ဂိုးသွင်းယူခဲ့ပြီးနောက် ဩစတြီးယားအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး၊ ဂျော်ဒန်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး၊ ယခု ၃၂ သင်း ရှုံးထွက်အဆင့်အဖြစ် ကိတ်ဗာဒီအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် ပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

၎င်းနောက်တွင် ပြင်သစ်အသင်း အမ်ဘာပီက သွင်းဂိုး ခြောက်ဂိုးဖြင့် ဒုတိယ၊ နော်ဝေအသင်းမှ ဟာလန်းက သွင်းဂိုး ငါးဂိုးဖြင့် တတိယ၊ အင်္ဂလန်အသင်းမှ ဟယ်ရီကိန်းက သွင်းဂိုး ငါးဂိုးဖြင့် စတုတ္ထ၊ ပြင်သစ်အသင်းမှ ဒမ်ဘီလီက သွင်းဂိုး လေးဂိုးဖြင့် ပဉ္စမနေရာတို့တွင် အစဉ်လိုက် ရပ်တည်နေကြကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# ဥရောပဘောလုံးအဖွဲ့ချုပ်က လက်ဖြင့်ပါးစပ်ကိုအုပ်ပြီး စကားပြောလျှင် အနီကတ်ပြသသည့် ပြစ်ဒဏ်စည်းမျဉ်းကို အသုံးပြုမည်မဟုတ်

**ဇူးရစ် ဇူလိုင် ၄**

ဥရောပဘောလုံး အဖွဲ့ချုပ်က လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စည်းမျဉ်းသစ်ဖြစ်သည့် ကွင်းအတွင်း လက်ဖြင့် ပါးစပ်ကို အုပ်ပြီး စကားပြောဆိုလျှင် အနီကတ်ပြသသည့် စည်းမျဉ်းကို ဥရောပအဆင့် ပြိုင်ပွဲများဖြစ်သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ၊ ယူရိုပါလိဂ်ပြိုင်ပွဲ၊ ကွန်ဖရန့်လိဂ်ပြိုင်ပွဲတို့တွင် အသုံးပြုမည်မဟုတ်ဟု အတည်ပြုခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လက်ရှိကျင်းပနေသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကစားသမားများအနေဖြင့် ကွင်းအတွင်း ပြိုင်ဘက်အသင်းကစားသမားကို လက်ဖြင့် ပါးစပ်ကိုအုပ်ပြီးစကားပြောဆိုလျှင် တိုက်ရိုက်အနီကတ်ပြသသည့် စည်းမျဉ်းကို အသုံးပြုနေခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် ဘင်ဖီကာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်တွင် ဘင်ဖီကာအသင်းမှ ပရပ်စတီနီသည် ရီးရဲလ်မက်ဒရစ်အသင်းမှ ဗီနီစီးယက်စ် အနားသွားရောက်ပြီး လက်ဖြင့် ပါးစပ်ကိုအုပ်ကာ လူမျိုးရေးခွဲခြားသည့် စကားလုံးများပြောဆိုခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူမျိုးရေးခွဲခြားမှုများကို တားမြစ်နိုင်ရန် ကစားသမားများကို လက်ဖြင့် ပါးစပ်ကိုအုပ်ပြီး စကားပြောဆိုလျှင် တိုက်ရိုက်အနီကတ်ပြသသည့်စည်းမျဉ်းကို အသုံးပြုနေခြင်းဖြစ်သည်။

လက်ရှိ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်ဖြင့် ပါးစပ်ကိုအုပ်ပြီး စကား ပြောဆိုခဲ့သည့်အတွက် ပါရာဂွေးအသင်းမှ အယ်မီရွန်က ပထမဆုံး အနီကတ်ပြသခံခဲ့ရပြီး အီကွေဒေါအသင်းမှ ဟင်ကာပီသည်လည်း ဒုတိယမြောက် အနီကတ်ပြသခံခဲ့ရသည့် ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၇)တွင် မြဝတီအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇူလိုင် ၄**



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ မြဝတီအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် စစ်ကိုင်း ယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး မြဝတီအက်ဖ်စီ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဘိုဟိန်း၊ ပွဲချိန် ၆၇ မိနစ်တွင် ပေါင်ရှင်းဆန်၊ ပွဲချိန် ၈၈ မိနစ်တွင် အောင်ဇင်ဖြိုးတို့က သွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၆ မိနစ်တွင် စိုးမင်းခန့်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက YUSC အားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၇၂ မိနစ်တွင် ဟိန်းလင်းဇော်၊ ပွဲချိန် ၈၉ မိနစ်တွင် ဝင်းခန့်ပိုင်ဖြိုးတို့က သွင်းယူခဲ့ပြီး ဂလက်ဆီအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ကောင်းခန့်လင်းက သွင်းယူခဲ့သည်။

ထို့ပြင် ညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**STA**

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့



**အစ္စလာမ်မာဘတ် ဇူလိုင် ၄**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ကြောင်း ပါကစ္စတန်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

မြေပြိုကျမှုကြောင့် လူနေအိမ်များပျက်စီးခဲ့ပြီး ပန်ဂျပ်ပြည်နယ်အပြင် ခိုင်ဘာပက်ခ်တွန်ခွာပြည်နယ်တွင်လည်း ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်နေကြောင်း၊ သေဆုံးသူ ၁၁ ဦးထက်မနည်းရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၉ ဦးရှိခဲ့ကြောင်း ပါကစ္စတန်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပန်ဂျပ်ပြည်နယ်နဲ့ ခိုင်ဘာပက်ခ်တွန်ခွာပြည်နယ်တို့မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုကြောင့် လူနေအိမ် ၃၈ လုံး ပျက်စီးခဲ့ပါတယ်။ ဒေသခံ ၁၁ ယောက် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၉ ယောက်ရှိခဲ့ပါတယ်။ ဒေသခံ အမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ အများစုကတော့ ကျောင်းသား၊ ကျောင်းသူတွေဖြစ်ပါတယ်။ လိုအပ်တဲ့ဆေးဝါးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုဖြစ်ပေါ်ခဲ့တဲ့ နေရာတွေမှာ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပါကစ္စတန်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပုလဲမြစ်နှင့် ယန်ဇီမြစ်ရေ မြင့်တက်မှုဖြစ်ပေါ်နေ

**ပေကျင်း ဇူလိုင် ၄**

တရုတ်နိုင်ငံ တောင်ဘက်ပိုင်းနှင့် အရှေ့မြောက်ဘက်ပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပုလဲမြစ်နှင့် ယန်ဇီမြစ်ရေမြင့်တက်မှုဖြစ်ပေါ်နေကြောင်း တရုတ်အမျိုးသား မိုးလေဝသညွှန်ကြားရေးစင်တာက သတိပေးချက်ထုတ်ပြန်ထားကြောင်း ဇူလိုင် ၃ ရက်သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ အဓိက မြစ်နှစ်စင်းဖြစ်သည့် ပုလဲမြစ်နှင့် ယန်ဇီမြစ်ရေပမာဏ မြင့်တက်နေပြီးမြစ်ရေလျှံလာပါက ဆိုးရွားသည့်ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ အလားတူဟိုင်ဟီမြစ်၊ ဆောင်းဟွာမြစ်နှင့် လျောင်းဟယ်မြစ်တို့လည်း မြစ်ရေ မြင့်တက်လာနိုင်ကြောင်း၊ သိရသည်။

"ယန်ဇီမြစ်နဲ့ ပုလဲမြစ်ရေပမာဏမြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ တောင်ဘက်ပိုင်းနဲ့ အရှေ့မြောက်ဘက်ပိုင်း ဒေသတွေမှာ ဆိုးရွားတဲ့ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ အထူးသဖြင့် ယူနန်ပြည်နယ်နဲ့ ကွေ့ကျိုးပြည်နယ်တို့မှာ အန္တရာယ်ရှိတဲ့ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ယန်ဇီမြစ်အောက်ပိုင်းက ဒေသတွေမှာ ရေဘေးအန္တရာယ်နဲ့ ကာလရှည် ရင်ဆိုင်သွားရနိုင်ပါတယ်" ဟု တရုတ်အမျိုးသား မိုးလေဝသ ညွှန်ကြားရေးစင်တာမှ ညွှန်ကြားရေးမှူးဖြစ်သူ ဟောင်ကျိုးက ပြောကြားခဲ့သည်။

ဇူလိုင်လဒုတိယပတ်တွင် ရေကြီးရေလျှံမှု စတင်နိုင်သဖြင့် ကယ်ဆယ်ရေး ဝန်ထမ်းများကိုလည်း အသင့်စုဖွဲ့ထားပြီး လိုအပ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားပြီးဖြစ်ကြောင်း တရုတ်အမျိုးသား မိုးလေဝသ ညွှန်ကြားရေးစင်တာက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဥရောပအပူလှိုင်း၏ သက်ရောက်မှုကြောင့် ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် တောမီးများ ဆက်တိုက်လောင်ကျွမ်းနေ

**ပဲရစ် ဇူလိုင် ၄**

ဥရောပတစ်ဝန်း ကြုံတွေ့နေရသည့်အပူလှိုင်းနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ပြင်သစ်နိုင်ငံတောင်ပိုင်း မြေထဲပင်လယ် ကမ်းရိုးတန်း ဒေသများတွင် တောမီးများ ဆက်တိုက်လောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

ကမ်းရိုးတန်းဒေသဆိုင်ရာ အာဏာပိုင်များက မီးဘေးအန္တရာယ်ကြောင့် ဒေသခံ ၁၅၀၀ ခန့်ကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရပြီး အနီးရှိ Perpignan လေဆိပ်တွင် တောမီးလောင်ကျွမ်းမှုမှ မီးခိုးငွေ့များက မြင်ကွင်းဝေဝါးမှုများကို ဖြစ်စေသည့်အတွက် ယာယီပိတ်ထားခဲ့ရသည်။

ထို့ပြင် ပြင်သစ်နိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်သော Marseille မြို့အနီးဖြစ်ပွားခဲ့သည့် တောမီးနှစ်ခုကို မီးသတ်တပ်ဖွဲ့က ထိန်းချုပ်နိုင်ခဲ့သော်လည်း Aude ဒေသတွင် ဖြစ်ပွားနေသည့် တောမီးလောင်ကျွမ်းမှုမှာ ဆက်လက်ပြင်းထန်နေပြီး ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မီးငြိမ်းသတ်ရေး လေယာဉ်နှင့် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀ ကျော်ဖြင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက်နေကြောင်း၊ ပြင်သစ်မိုးလေဝသဌာနကလည်း လာမည့် သီတင်းပတ်အတွင်း အပူချိန်များ ထပ်မံမြင့်တက်လာနိုင်ပြီး တောမီး ပိုမို လောင်ကျွမ်းနိုင်ကြောင်း သတိပေးထားသည်။



ပြင်သစ်နိုင်ငံ၌ ယခုနှစ် မီးလောင်ကျွမ်းမှု ရာသီအတွင်း တောမီးကြောင့် မြေဧရိယာ ဟက်တာ ၈၇၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဗြိတိန်နိုင်ငံတွင် အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေ

**လန်ဒန် ဇူလိုင် ၄**

ဗြိတိန်နိုင်ငံတွင် ဇွန်လမှ စတင်၍ အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေပြီး အပူချိန်ပမာဏမှာ ၃၉ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၃ ရက် သတင်းများတွင်ဖော်ပြထားသည်။

အပူလှိုင်းဖြတ်သန်းမှုကိုလည်း အရေးပေါ်အခြေအနေ သတ်မှတ်ကာ အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သော ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း၊ ဗြိတိန်နိုင်ငံသည် အအေးဓာတ်မြင့်မားသော နိုင်ငံဖြစ်ပြီး အပူချိန် ၃၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေခြင်းသည် စံချိန်တင်အပူချိန် မြင့်တက်မှု တစ်ရပ်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှု ကာလရှည်ကြာ သွားနိုင်သည့်အတွက် ကျန်းမာရေးလုံခြုံမှုကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း၊ ထို့ပြင် ရေဧရိယာများတွင်လည်း ရေအောက်ကြမ်းပြင် အပူချိန်မြင့်တက်နေသဖြင့် ရေအောက်သတ္တဝါများအတွက် အန္တရာယ်ရှိသည့် အခြေအနေဖြစ်ကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်။

"ဗြိတိန်နိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ပမာဏဟာ ၃၉ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်။ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ အပူချိန်မြင့်တက်မှုဟာ ကာလရှည်ကြာသွားနိုင်ပါတယ်။ ရေအောက် ကြမ်းပြင်တွေမှာလဲ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်" ဟု ဗြိတိန်မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်သဖြင့် ကျန်းမာရေးလုံခြုံမှုဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီး အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်နိုင်ရန်အတွက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု စင်တာများ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ပီရူးနိုင်ငံရှိ ခရိုင်များတွင် အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် အရေးပေါ်အခြေအနေကြေညာ

**လီမာ ဇူလိုင် ၄**

ပီရူးနိုင်ငံရှိ ခရိုင်များတွင် အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ရေဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရန် အရေးပေါ် အခြေအနေကြေညာထားကြောင်း ဇူလိုင် ၃ ရက်သတင်းများအရ သိရသည်။

အရေးပေါ်အခြေအနေ ထုတ်ပြန်လိုက်သည့် ခရိုင်အရေအတွက်မှာ ၇၉၆ ခုရှိပြီး နိုင်ငံတစ်ဝန်းရှိ စုစုပေါင်း ခရိုင်များ၏ ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အရေးပေါ် အစီအမံအရ အစိုးရအနေဖြင့် အလွန်မြင့်မားသော အန္တရာယ်အဆင့် သတ်မှတ်ထားသည့် ဒေသများတွင် အရေးပေါ်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုဒေသများ၏ ဒေသန္တရအစိုးရများက အမျိုးသားအဆင့် အာဏာပိုင်များနှင့် ပူးပေါင်းကာ အရေးပေါ်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအစီအမံများကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၎င်းလုပ်ငန်းများအတွက် လိုအပ်သည့်အသုံးစရိတ်များကို သက်ဆိုင်ရာအစိုးရဌာနများ၏ လက်ရှိဘတ်ဂျက်များဖြင့်သာ ကျခံသုံးစွဲမည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေမှ အပိုရန်ပုံငွေ ထပ်မံခွဲဝေပေးရန် မလိုအပ်ကြောင်း ဖော်ပြထားသည်ဟု သိရသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

**လင်းလက်**

# လျှောက်သောလမ်းမှာ ပန်းတို့ပွင့်စေ

**❖ ပြည်သူ့စစ်မှုထမ်းသင်တန်းမှရရှိလာမည့် အတွေ့အကြုံ၊ စည်းကမ်းနှင့် ခိုင်မာသောစိတ်ဓာတ်တို့သည် လူငယ်တို့၏ဘဝခရီးလမ်းအတွက် အကောင်းဆုံးသော အထောက်အပံ့များဖြစ်လာပေလိမ့်မည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများသည် လက်ရှိနိုင်ငံတော်ကို အသက်နှင့်ရင်း၍ ကာကွယ်ပေးနေသည့် တပ်မတော်သားများနှင့် အနာဂတ်နိုင်ငံတော်ကိုကာကွယ်ရမည့် မျိုးဆက်သစ်လူငယ်များကို တွေ့ဆုံပေးလိုက်သည့် ပေါင်းကူးတံတားလေးပင်ဖြစ်သည်။ ထိုပေါင်းကူးတံတားပေါ်မှလျှောက်သော လူငယ်တို့၏လမ်းသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြေလှမ်းတိုင်းက ဂုဏ်သတင်းမွှေးသော အဖိုးထိုက်သည့်ပန်းများကို ပွင့်စေမည်ဖြစ်သည်။ ❖**

**ဘဝခရီးလမ်း**

လူတို့၏ မွေးဖွားချိန်နှင့် သေဆုံးချိန်ကြားကာလကို ဘဝဟုခေါ်ဆိုနိုင်ပြီး ထိုကာလတွင် လူတို့လျှောက်လှမ်းသောလမ်းကို ဘဝခရီးလမ်းဟု ခေါ်ဆိုရမည်ဖြစ်သည်။ ဘဝခရီးလမ်းသည် မှန်ကန်သောလမ်းဖြစ်ပါက ဆူးငြောင့်ခလုတ်၊ တံသင်းတို့ မည်မျှပင်ရှိပါစေ ပန်းတိုင်သို့ရောက်အောင် လျှောက်လှမ်းရမည်ဖြစ်သည်။ မမှန်ကန်သောလမ်းဖြစ်ပါက ဘဝတစ်ခုလုံးအမှောင်ကျပြီး ဆိုးရွားသွားမည်ဖြစ်သည်။ လူတို့သည် မိမိ၏ဘဝကို မိမိပိုင်ဆိုင်ကြပြီး ဘဝကို ပုံဖော်ပုံများကလည်း မိမိတို့ စိတ်တိုင်းကျ အလိုကျသာ ဖြစ်ရသည်။ စိတ်ဓာတ်ကောင်း ခံယူချက်ကောင်းသောသူများ၏ ဘဝပုံဖော်မှုများကား လူမှုပတ်ဝန်းကျင်ကို ဖွံ့ဖြိုးတိုးတက်စေသည်။ စိတ်ဓာတ်ခံယူချက်မှားယွင်းစွာဘဝကိုပုံဖော်မိလျှင် မိမိဘဝခရီးလမ်းမှာ အမှောင်ဖုံးသွားမည်ဖြစ်ပြီး လူမှုပတ်ဝန်းကျင်ကိုပါ ဆိုးကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

လူ့ဘဝတွင် လူအဖြစ်သို့ရလာသူတိုင်းသည် လူသားပီသစွာဖြင့် နေထိုင်တတ်ရန်လိုသည်။ မိမိရှင်သန်နေထိုင်ခဲ့ရာ ကမ္ဘာမြေပေါ် ခြေစုံချကာ ကျင်လည်ခဲ့ရသည့်ဘဝအချိန်များတွင် လူမှုပတ်ဝန်းကျင်အကျိုးကို တတ်နိုင်သမျှသယ်ပိုးရမည်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်ကောင်းကျိုး မသယ်ပိုးနိုင်သော်လည်း လူမှုပတ်ဝန်းကျင်ကို အရုပ်ဆိုးအကျည်းတန်သောလုပ်ရပ်များ မလုပ်သင့်ပေ။ လူတွင်လိုက်နာအပ်သည့် လူကျင့်ဝတ်စည်းကမ်းများစွာရှိသည်။ ထို ကျင့်ဝတ်စည်းကမ်းများကို လိုက်နာကျင့်သုံးကာ မိမိရှင်သန်ရာပတ်ဝန်းကျင်ကအစပြု၍ မိမိနိုင်ငံ့အကျိုးကို သယ်ပိုးရမည်က လူတိုင်းတာဝန်ပင်ဖြစ်သည်။ ထိုတာဝန်ကို ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းများ များစွာရှိသည်။ ထိုသူတို့၏ ဘဝခရီးလမ်းသည် ကောင်းသတင်းတို့ဖြင့် ပြည့်နေသည်။

**တာဝန်ကျေပွန်စေဖို့**

လူ့ဘဝကို စတင်ရောက်လာချိန်မှစ၍ လူငယ် လူရွယ်ဘဝသို့ ရောက်လာချိန်တွင် မိမိရှင်သန်ရာ ပတ်ဝန်းကျင်ကို ပြန်လည်အကျိုးပြုရန် တာဝန်ရှိလာသည်။ ထိုကဲ့သို့ တာဝန်ရှိသည်ကို သိရှိသူများက မိမိရှင်သန်ရာ ပတ်ဝန်းကျင် နိုင်ငံတော်နှင့် လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်ရန် ကြိုးပမ်းလေ့ရှိကြသည်။ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊မည်သည့်ဘာသာဖြင့် မွေးဖွားကြီးပြင်းစေကာမူ မိမိနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကအစပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ရေရှည်ရပ်တည်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးက ပဓာနကျလှသည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည်ကို တွေ့ရှိရသည်။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ငြိမ်ရေးအတွက်ပူးပေါင်းပါဝင်ကြရန် လိုအပ်လှပေသည်။ ထိုတာဝန်သည် ကမ္ဘာမြေပေါ်တွင် ရှင်သန်နေထိုင်ကြသည့် လူသားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးကို သယ်ပိုးရမည်က ထိုနိုင်ငံသားတို့၏တာဝန်ပင်ဖြစ်သည်။ ခေတ်သစ်လူနေမှုစနစ်အရ ရွှေ့ပြောင်းနေထိုင်ရှင်သန်ကြသည့် အလေ့အထများ မည်မျှပင်တိုးပွားလာစေကာမူ မိမိမွေးဖွားရာမြေကို အကျိုးပြုရသည့်အသိစိတ်ကမူ ပြောင်းလဲသွားခြင်းမရှိရန် ကြိုးစားရမည်ဖြစ်သည်။

**တာဝန်သုံးရပ်**

"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတာဝန်ပင်ဖြစ်သည်။ လူငယ်များသည် ပစ္စုပ္ပန်ကာလတွင် ခွန်အားပြည့်ဝစွာဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးနိုင်ကြသူများဖြစ်သည်။ ထိုသူများ၏ အသိတွင် မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံအတွက်ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းသွားအောင် ဝိုင်းဝန်းကြိုးစားကြရန်လိုသည်။

လူငယ်သည် အရာအားလုံးကို စိတ်အားထက်သန်စွာဖြင့် ကြိုးစားလုပ်ဆောင်တတ်ကြသူများဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်ပြီး ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်ခံယူချက်တို့ဖြင့် ကြိုးစားလုပ်ဆောင်တတ်သည့် ဂုဏ်ပုဒ်နှင့်ပြည့်စုံပြီးဖြစ်သည်။ မြန်မာလူငယ်တို့၏ စိတ်ဓာတ်ခွန်အားတို့က ခိုင်မာအားကောင်းလှသည်။ သွေးသားထဲတွင် စီးဝင်နေသည့် မျိုးချစ်စိတ်တို့ကို လှုပ်နှိုး၍ အများအကျိုးသယ်ပိုးခြင်းမှသည် နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ချစ်တတ်သောစိတ်ဓာတ်များ မွေးထုတ်ပေးရန်လိုသည်။

**နိုင်ငံတော်ကာကွယ်ရေး**

မျိုးဆက်သစ်လူငယ်များ နိုင်ငံ့သားကောင်းပီသသူများဖြစ်လာစေရေးအတွက် မဖြစ်မနေထမ်းဆောင်ရမည့်တာဝန်များ များစွာရှိမည်ဖြစ်သည်။ နည်းပညာတိုးတက်လာမှုနှင့်အတူ ယနေ့ခေတ်တွင် ခလုတ်တစ်ချက်နှိပ်ရုံမျှဖြင့် မရေတွက်နိုင်သော ပျက်စီးဆုံးရှုံးမှုများကို ပေးအပ်နိုင်စွမ်းရှိသည့် လက်နက်ဆန်းများ ရှိလာနေပြီဖြစ်သည်။ ထိုလက်နက်ဆန်းများကို ထုတ်သုံးကာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တိုက်ခိုက်ခြင်းထက် ပို၍ကြောက်စရာကောင်းသည့် သွေးခွဲသပ်လျှိုခြင်းများကိုလည်း ထုတ်သုံးလာကြသည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝနှင့် ပထဝီအနေအထားက သာယာလှပလွန်းပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကလည်း ခိုင်မာအားကောင်းလွန်းလှသည်။ ထိုသို့သောအခြေအနေတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြည်ပနိုင်ငံများက ပျက်ပြားအောင် ကြိုးပမ်းလာကြသည်။ သို့သော် မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုသည် လူအင်အား၊ လက်နက်အင်အား သာလွန်ကောင်းမွန်လွန်းလှသည့် နယ်ချဲ့တို့ကိုပင် မျိုးချစ်လူငယ်များ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် တိုက်ထုတ်နိုင်ခဲ့သည်မှာ ကမ္ဘာအသိဖြစ်သည်။

အမိမြေကို တစ်လက်မမျှပင် ကျူးကျော်ရန်စတိုက်ခိုက်ကြသည်ကို မလိုလားသည့် စိတ်ဓာတ်ခံယူချက် အခြေခံရှိပြီးဖြစ်သည့် မြန်မာလူငယ်များ၏ ရင်တွင်းမှ မျိုးချစ်စိတ်ကိုနှိုးဆွပေးပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပေးမည့် ပြည်သူ့စစ်မှုထမ်းသင်တန်းများကိုပါ ဖွင့်လှစ်နေပြီဖြစ်သည်။ မျိုးဆက်သစ်လူငယ်များ၏ လျှောက်သောလမ်းတွင် လိုအပ်သော စိတ်ဓာတ်ခံယူချက်များ၊ ပညာရပ်များ အပါအဝင် နိုင်ငံတော်ကာကွယ်ရေး ပညာရပ်များကိုပါ သင်ကြားပေးနေသည်ကို သိရသည့်အခါ မြန်မာ့အကျိုးလိုလားသူများက အားပေးချီးမြှောက်ပြုကြသည်။ မျိုးဆက်သစ်လူငယ်များကိုယ်တိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

**လက်တွဲညီညီ**

အချုပ်အခြာအာဏာဆိုသည်မှာ နိုင်ငံသူ နိုင်ငံသားအားလုံးအတွက် အရေးပါသည့်အရာဖြစ်သည်ကို လူငယ်များသိရှိရန် သင်ကြားပေးရမည်ဖြစ်သည်။ လူငယ်တို့သည် အနာဂတ်နိုင်ငံတော်အတွက် ဗိသုကာပညာရှင်များပင် ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များသည် မိမိတို့လျှောက်လှမ်းမည့် ဘဝခရီးလမ်း၌ ကိုယ်စီတာဝန်များကို သိရှိနားလည်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်သည်။ ကိုယ်စီတာဝန်သိရှိပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ကြသူများကိုလည်း အားတက်ဖွယ်ရာ တွေ့ရသည်။ ထိုသူတို့လျှောက်သောလမ်းသည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခြေလှမ်းများဖြစ်သဖြင့် ခွန်အားပါလှသည်။ မျိုးချစ် လူငယ်များသည် အသက်နှင့်ခန္ဓာကို ပြည်သူအတွက် ထာဝရပေးဆပ်ထားပြီးဖြစ်သည့် တပ်မတော်သားတို့ ပူးပေါင်းလိုက်မည်ဆိုပါက နိုင်ငံတော်ကာကွယ်ရေးသည် ပိုမိုခိုင်မာသွားမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းများသည် နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေးပညာရပ်ကိုသာ သင်ကြားပေးခြင်းမက နိုင်ငံ့သားကောင်းလူငယ်များအတွက် မရှိမဖြစ် စိတ်ဓာတ်အခြေခံကောင်းများကိုပါ သင်ကြားပေးနေလျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းမှရရှိလာမည့် အတွေ့အကြုံ၊ စည်းကမ်းနှင့် ခိုင်မာသောစိတ်ဓာတ်တို့သည် လူငယ်တို့၏ ဘဝခရီးလမ်းအတွက် အကောင်းဆုံးသော အထောက်အပံ့များ ဖြစ်လာပေလိမ့်မည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများသည် လက်ရှိနိုင်ငံတော်ကို အသက်နှင့်ရင်း၍ ကာကွယ်ပေးနေသည့် တပ်မတော်သားများနှင့် အနာဂတ်နိုင်ငံတော်ကို ကာကွယ်ရမည့် မျိုးဆက်သစ်လူငယ်များကို တွေ့ဆုံပေးလိုက်သည့် ပေါင်းကူးတံတားလေးပင်ဖြစ် သည်။ ထိုပေါင်းကူးတံတားပေါ်မှ လျှောက်သော လူငယ်တို့၏ လမ်းသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ခြေလှမ်းတိုင်းက ဂုဏ်သတင်းမွှေးသော အဖိုးထိုက်သည့် ပန်းများကိုပွင့်စေမည်ဖြစ်သည်။

**စုပေါင်းကာကွယ် ပြည့်ရန်စွယ်**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် ရှင်သန်နေထိုင်လာခဲ့ကြသည့် အလှမျိုးစုံရာ ပန်းဥယျာဉ်ကြီးသာ ဖြစ်သည်။ ထိုပန်းခင်းကိုဖျက်ဆီးမည့် ရန်ပေါင်းစုံကို ကာကွယ်ရမည်ဖြစ်သည်။ မိမိမွေးဖွားရှင်သန်ရာမြေကို ကာကွယ်စောင့်ရှောက်ရမည်မှာ မျိုးဆက်သစ်လူငယ်တို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ ထိုတာဝန်ကို ကျေပွန်စေရေးလိုအပ်သည့် ပညာရပ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများက သင်ကြားပေးနေသည်မှာ ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၁) မှ (၂၆)ထိ ဖွင့်လှစ်ခဲ့ပြီး အမှတ်စဉ် (၂၄) သင်တန်းဆင်းပွဲကိုလည်း တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများ ကျင်းပခဲ့သည်။ တာဝန်သိသော၊ နိုင်ငံ့သားကောင်းပီသသော ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်း မျိုးချစ်လူငယ်များ၏ ခရီးလမ်းသည် ဂုဏ်သတင်းမွှေးသော အမျိုးသား ရေးပန်းများကို ပွင့်လန်းစေခဲ့ပြီး သမိုင်းပေးတာဝန် ကျေပွန်သူများအဖြစ် ကျောက်ထက်အက္ခရာ တင်နိုင်ခဲ့ပြီဖြစ်သည်။

တာဝန်သိမျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးလိုက်နိုင်သော မိဘပြည်သူများသည်လည်း နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သော ရတနာများ ထားခဲ့နိုင်ပြီဖြစ်သဖြင့် နိုင်ငံသားတာဝန်ကျေပွန်ခဲ့ပြီဖြစ်သည်။ လူငယ်များအနေဖြင့် ဘဝကို ပုံဖော်ကြရာတွင် နိုင်ငံတော်အကျိုးအတွက် စိတ်ဓာတ်ခံယူချက်ကောင်းများဖြင့် ပုံဖော်ခြင်းသည်သာ အမွန်မြတ်ဆုံးဖြစ်သည်။ မွေးဖွားချိန်နှင့် သေဆုံးချိန်ကြားကာလ လူ့ဘဝ၌ လူငယ်တို့လျှောက်လှမ်းရသည့်လမ်းတွင် အမှောင်ထုကိုဖယ်ခွာ၍ အလင်းရောင်ကို ဆောင်ကြဉ်းနိုင်သူများ ဖြစ်ကြရမည်။ နိုင်ငံ့တာဝန်ကိုဦးထိပ်ပန်ဆင်ကာ ဒို့တာဝန်အရေးသုံးပါးကို လက်ဆင့်ကမ်း ကာကွယ်စောင့်ရှောက်မည့် မျိုးချစ်လူငယ်တို့၏ ခြေလှမ်းတိုင်းသည် ဂုဏ်သိက္ခာရှိသော၊ အဖိုးထိုက်တန်သောခြေလှမ်းများပင်ဖြစ်သည်။ ထိုသို့ တာဝန်သိစိတ်၊ မျိုးချစ်စိတ်တို့ဖြင့် လျှောက်လှမ်းသော နိုင်ငံသားကောင်းတို့၏ ဘဝခရီးလမ်းတွင်ကား ဂုဏ်သတင်းမွှေးပျံ့သောပန်းများ ထာဝရပွင့်လန်းနေဦးမည်ဖြစ်ပေသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

# မီချယ်ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လ တတိယပတ်အတွင်း နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




ရန်ကုန် ဇူလိုင် ၄

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မီချယ်ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လ တတိယပတ်အတွင်း နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာမယ်မင်းဘုံထံမှ သိရသည်။

အဆိုပါ မီချယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားပြီး ဒါရိုက်တာ မယ်မင်းဘုံကပင် ရွှေနဒီရွှေရည် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ထိပ်ထိပ် (စံထိပ်ထားဦး)အတွက် ပွဲဦးထွက် ရုပ်ရှင်ဇာတ်ကားဖြစ်သလို ထိပ်ထိပ်ရဲ့ အနုပညာ အရည်အသွေးကို မြင်ခွင့်ရမဲ့ဇာတ်ကားလဲ ဖြစ်ပါတယ်။ အော်တစ်ဇင်မိန်းကလေးတစ်ယောက်ရဲ့ ဘဝခရီးလမ်းတစ်လျှောက်မှာတွေ့ရမဲ့ ချစ်ခြင်း၊ နာကျင်ခြင်းတွေနဲ့ နားလည်လက်ခံခြင်းရဲ့တန်ဖိုးကို ရင်ဘတ်ချင်းထပ်တူခံစားရမဲ့ မိသားစုဒရာမာဇာတ်ကား ဖြစ်ပါတယ်" ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မီချယ်ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ချောရတနာ၊ ရတနာဗို၊ ဆုအိမ့်စံ၊ စံထိပ်ထားဦး၊ ချိုပြုံး၊ ဩဇွသည် သရုပ်ဆောင် ညီနန္ဒ၊ ဝါဝါအောင်နှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Juice ထိတ်လန့်သည်းဖို့ဇာတ်ကားကို ဒါရိုက်တာ ဂျိုးရိုက် တာဝန်ယူရိုက်ကူးမည်

နယူးယောက် ဇူလိုင် ၄

Working Title Films ရုပ်ရှင်ကုမ္ပဏီ၏ Juice အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ဂျိုးရိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာ တင်ဝင်တန်၏ Juice ထိတ်လန့်သည်းဖိုဝတ္ထုကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Juice ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အက်ဘီမော်ဂန်က တာဝန်ယူရေးသားပေးထားကြောင်း သိရသည်။


Juice ဇာတ်ကားသည် ရာသီဥတု ပြောင်းလဲမှုပြဿနာကြောင့် ပျက်စီးနေသော ကမ္ဘာကြီးပေါ်တွင် လက်သည်တရားခံ လူချမ်းသာများကို လူတစ်စုက တော်လှန်တိုက်ခိုက်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဂျိုးရိုက်သည် မကြာသေးမီကပင် Paramount ကုမ္ပဏီ၏ The Agency ဇာတ်ကားကို ရိုက်ကူးပေးထားသည့် ဒါရိုက်တာဖြစ်သည်။

Juice ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# မေတ္တာမိုး ရုပ်သံဇာတ်လမ်းကို ဇူလိုင် ၆ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်




ရန်ကုန် ဇူလိုင် ၄

SKYPREMIER HD ရုပ်သံလိုင်းမှ မေတ္တာမိုး ရုပ်သံဇာတ်လမ်းကို ဇူလိုင် ၆ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွင် ပါဝင်ထားသူ သရုပ်ဆောင် အောင်ရဲလင်းထံမှ သိရသည်။

မေတ္တာမိုး ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုလွင် (စနိုးပိုက်)က ရေးသားထားပြီး ဒါရိုက်တာ မောင်မောင်ဦး (စနိုးပိုက်)က ခင်ဗီဒီယိုထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"မေတ္တာတရားတွေ ဘက်မညီတဲ့အခါ သာယာတဲ့အိမ်ထောင်ရေးဆိုတာ အလှမ်းဝေးရတတ်ပါတယ်ဆိုတဲ့ မက်ဆေ့ကို ပေးချင်တာပါ။ တစ်ဖက်သတ် ဖိနှိပ်မှုတွေကိုပဲ စိတ်နာနာနဲ့ ရေရှည်သည်းခံသွားမလား၊ ခံစားရသမျှကိုပဲ ရင်ထဲကနေ အကုန်အစင် ပေါက်ကွဲပစ်လိုက်မလား၊ ဖြစ်ချင်တဲ့ ဆန္ဒတွေကို အမှန်အတိုင်း ဖွင့်ထုတ်လိုက်ပြီးတဲ့နောက် ဒီအိမ်ထောင်ရေးက ကော ရှေ့ဆက်သွားနိုင်ပါအုံးမလားဆိုတာ။ အတက်အကျ၊ အနိမ့်အမြင့်တွေကြားထဲက အိမ်ထောင်ရေးပဟေဠိကို ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ ကြည့်ရှုရမဲ့ ဇာတ်ကားလေးပါ" ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောပြသည်။

အဆိုပါ မေတ္တာမိုး ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲလင်း၊ ဟိန်းဇေ၊ မေသဇင်အောင်၊ မိုခမ်း၊ မာယုသာ၊ ဒေါ်အိအိစိုး၊ အင်ကြင်း၊ မကြူနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Homewreckers ဇာတ်ကား၌ မင်းသား ဆီမူလျူ ပါဝင်မည်ဖြစ်

နယူးယောက် ဇူလိုင် ၄

Homewreckers အမည်ရှိ သိပ္ပံလျို့ဝှက်သည်းဖို ဇာတ်ကားတွင် မင်းသား ဆီမူလျူပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၃ ရက် သတင်းများအရ သိရသည်။

မင်းသား ဆီမူလျူသည် Avengers: Doomday ဇာတ်ကား၊ Shang-Chi and The Legend of the Ten Rings ဇာတ်ကားများဖြင့် ထင်ရှားသူဖြစ်သည်။

Homewreckers ဇာတ်ကားတွင် မင်းသား ဆီမူလျူသည် မင်းသမီး အယ်လစ်ဆန်ဝီလျံ၊ မစ်ချဲလ်ရန့်ဒွေါတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ပြင်သစ် ဒါရိုက်တာ ဇာမီယာဂျင်းကတာဝန်ယူ ရိုက်ကူးမည်ဖြစ်သည်။

Homewreckers ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဇူလိုင် ၁၅ ရက်တွင်စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

Homewreckers ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အယ်လီဆာဘဲနှင့် ထရာဗစ်ဂေါ်ဒန်တို့က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ချိုချဉ်သူငယ်ချင်း ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၉ ရက်တွင် HEY Play Application မှ ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် ဇူလိုင် ၄

HEY Play Application မှ ချိုချဉ်သူငယ်ချင်း ရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၉ ရက်တွင် ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင် ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်တိုင်ရွှန်ထံမှ သိရသည်။

အဆိုပါ ချိုချဉ်သူငယ်ချင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ရေးသားကာ အမ်အက်စ်ဝိုင်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က မုတ်သုံရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် လူငယ် အချစ်ဒရာမာ ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ဒီရုပ်ရှင်ဇာတ်ကားကတော့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလက ရုံတင်ပြသထားတဲ့ လူငယ်ကြိုက် အချစ်ဇာတ်လမ်းလေးပါ။ ဒီကားလေးက ရိုမန့်ဇာတ်လေးဆိုတော့ ဒီလိုဇာတ်မျိုး ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေက သဘောကျကြပါတယ်။ ရုံတင်စဉ်ကလဲ အားပေးကြသူတွေ များပါတယ်။ အချစ်ဇာတ်လမ်းပုံစံတွေဆိုတာ အပြင်လောကမှာလဲ ရှိပါတယ်။ ဒီရုပ်ရှင်ဇာတ်ကားကို HEY Play Application ကနေ ဇူလိုင် ၉ ရက်မှာ တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပေးသွားမှာဖြစ်လို့ ကြည့်ရှုအားပေးကြပါအုံး" ဟု သရုပ်ဆောင်တိုင်ရွှန်က ပြောပြသည်။

ချိုချဉ်သူငယ်ချင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရှင်မွေလ၊ တိုင်ရွှန်၊ ရဲရင့်အောင်၊ မင်းသူ၊ ကောင်းကျော်၊ ခေးဆက်သွင်၊ သံသာမိုးသိမ့်၊ ဟန်နီစုစံ၊ မာယုသာနှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# High-level Myanmar delegation led by President U Min Aung Hlaing, his spouse Daw Kyu Kyu Hla pays homage to That Luang Stupa in Vientiane



**President U Min Aung Hlaing and Daw Kyu Kyu Hla pay respect to Chair of Lao Buddhist Association and Sangharaja of Laos Maha Ahjan Yai Mahaved Menenai and 106-year-old Most Ven Noi Sangvalo of Laos.**



**President U Min Aung Hlaing and Daw Kyu Kyu Hla donate a small scale of the Maravijaya Buddha Image.**

**Nay Pyi Taw July 4**

The high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla, currently in Vientiane of Laos during the State Visit, paid homage to the That Luang Stupa this morning.

On arrival at the stupa, the high-level Myanmar delegation led by the President and his spouse were warmly welcomed by officials with traditional Lao music. The President and his spouse offered oil lights, water, fruits and flowers to the Buddha image at the That Luang Stupa.

The President, his spouse and party viewed round ancient Buddha images in the stairway of the stupa and the paintings illustrating maintenance of the stupa in successive eras since its establishment. Officials conducted them round the sites.

The President, his spouse and party had documentary photos taken in front of the stupa.

The President signed the visitors' book of the stupa. At the Dhamma Hall, the President and his spouse paid homage to the Buddha image with flowers, water and oil lamps.

The President, his spouse and party also paid respect to Chair of Lao Buddhist Association and Sangharaja of Laos Maha Ahjan Yai Mahaved Menenai and 106-year-old Most Ven Noi Sangvalo of Laos and donated copies of Tipiṭaka scriptures and monastic requisites. The Sayadaw gave back Dhamma gifts. Delegation members also donated offertories to members of the Sangha.

The President and his spouse offered a small scale of Maravijaya Buddha Image and the documentary book on construction of the image to be kept at the Dhamma Hall of the That Luang Stupa to the Sayadaw.

The That Luang Stupa in Laos was originally constructed in the early 13th century under the leadership of King Jayavamon VI. Five monks who had studied in Rajagriha, India, brought back a relic of the Buddha's lower collarbone to be enshrined as the sacred relic within the stupa. The original structure was built in the form of a cave-like stupa. Later, in 1560 AD, King Setthathirath relocated the capital from Luang Prabang to Vientiane and rebuilt the stupa, enveloping the original structure within a larger stupa. In the Lao language, it is called That Luang Stupa, which means "Great Stupa". It is a historically significant monument that has been revered by successive Lao kings. The image of That Luang Stupa is also featured on the national emblem of Laos. The annual That Luang Festival is held on the full moon of the Lao lunar month Fakxay (corresponding to Myanmar's Tazaungmone Full Moon Day). The festival attracts large numbers of pilgrims from across the country, making it a major national religious celebration. MNA

# Britain, France pledge to work with Oman on maritime security

**London July 4**

Britain and France are ready to work with Oman to protect the navigation security of its sovereign territorial waters, according to a joint statement issued late Friday.

In the statement, British Prime Minister Keir Starmer and French President Emmanuel Macron described the Strait of Hormuz as "a vital artery for the global economy," saying that restoring safe transit for ships through the Strait is a matter of global concern.

The statement said Oman had agreed to work with Britain and France to ensure safe navigation in its sovereign territorial waters. The two European countries "also stand ready to deploy the wider Multinational Military Mission to support freedom of navigation in the Strait of Hormuz," it added.

Britain and France proposed a defensive, multinational escort mission in the Strait of Hormuz in April and have since deployed military forces to Middle Eastern waters in preparation for the mission.

Kazem Gharibabadi, Iran's deputy foreign minister for Legal and International Affairs, said in May that the presence of French and British warships in the Strait of Hormuz to accompany the U.S. "illegal and internationally unlawful" actions would meet with a "decisive and immediate" response from Iran's armed forces.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President of Republic of Union of Myanmar U Min Aung Hlaing receives chairman of Lao-Myanmar Friendship Association on his courtesy call

**Nay Pyi Taw July 4**

Chairman of the Lao-Myanmar Friendship Association Mr. Seneamatmonry Chanthavong paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing during his state visit to Lao People's Democratic Republic this afternoon.

Also present together with the President during the call were members of his entourage of union ministers, senior officers from the Office of the Commander-in-Chief of Defence Services and deputy ministers, the Myanmar ambassador to the LPDR, the chairman the Myanmar-Lao Friendship Association and officials.

During the call, they cordially discussed development of bilateral friendship and cooperation, potentials of upgrading the relations to strategic partnership, the needs for the Lao-Myanmar Friendship Association and the Myanmar-Lao Friendship Association to exert efforts in one way or another in the same way as the two governments are accelerating cooperation as the role of the friendship association is vital, tasks carried out by the two friendship associations to promote the friendship of the two peoples in border areas by conducting mutual trade through the Myanmar-Lao Friendship Bridge, the needs to promote the role of youths in the bilateral friendship processes and possibilities of promotion of bilateral friendship and cooperation based on various sectors including religious, economic, health, education and social sectors.



**President U Min Aung Hlaing receives Chairman of the Lao-Myanmar Friendship Association Mr. Seneamatmonry Chanthavong.**

After the discussions, the President and the chairman exchanged commemorative gifts and posed for documentary photographs together with the guests. MNA

# President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla and high-level Myanmar delegation visit Phonthong Handicrafts Cooperation and Cama Crafts, Laotian MSE, and Patuxai (Victory Gate) in Vientiane



**President U Min Aung Hlaing and wife Daw Kyu Kyu Hla and the high-level Myanmar delegation visit Patuxai (Victory Gate) in Vientiane.**

**Nay Pyi Taw July 4**

A high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla, who are on a State Visit to Vientiane in Laos, visited the Phonthong Handicrafts Cooperation and Cama Crafts, a Laotian micro and small enterprise (MSE), this morning.

The President and wife and delegation arrived at the enterprise and were welcomed by officials.

The President observed cotton and silk fabrics manufactured by the enterprise and production of soaps from Lao traditional fruits. Officials explained the main stages of the production process. After pouring the liquid soap onto the molds, the President asked for more information.

He looked around the production process of silk fabrics and documentary photos on the international awards won by the enterprise. The President then studied silkworm breeding, fabric production, dying and the process of weaving silk fabrics using traditional handlooms. He hears the reports presented by officials, and inquired about and discussed the entire production stages in detail.

After accepting a molded Laotian traditional organic soap, presented by the Phonthong Handicrafts Cooperation and Cama Crafts as a special souvenir, the President signed the visitor's book of the enterprise.

The President and officials of the enterprise exchanged commemorative gifts.

The Phonthong Handicrafts Cooperation and Cama Crafts is rendering a helping hand to uplift the livelihood of the rural people and preserve and revive the Laotian handicraft industry. In addition, the enterprise is conducting handicraft courses and identifying market opportunities. The visions of the enterprise are: the creation of sustainable livelihood opportunities; and the promotion of procedures

*See Page 14*

# President U Min Aung Hlaing meets with families of Myanmar Embassy and Military Attaché's Office, scholarship trainees in Laos



**President U Min Aung Hlaing and wife Daw Kyu Kyu Hla present food provisions to families of the Myanmar Embassy and Military Attaché's Office, and the scholarship trainee officers in Laos.**

**Nay Pyi Taw July 4**

U Min Aung Hlaing, President of the Republic of the Union of Myanmar, currently on a state visit to the Lao People's Democratic Republic, accompanied by his wife Daw Kyu Kyu Hla and delegation members, met with and addressed the families of the Embassy and Military Attaché's Office, and scholarship trainees, at the Myanmar Embassy in Laos this evening.

Upon the arrival of the President, his wife, and the delegation at the Myanmar Embassy in Laos, they were welcomed by the families of the Embassy and the Military Attaché's Office. Subsequently, the Myanmar Ambassador to the Lao People's Democratic Republic and the families from the Embassy and Military Attaché's Office individually introduced themselves.

Following this, the President expressed his pleasure at meeting the families of the Embassy and Military Attaché's Office. He noted that this state visit to Laos was his first visit to an ASEAN country since assuming the presidency. He highlighted that Myanmar and Laos are reliable good neighbours and good friends, and that both nations will always maintain their traditionally strong bilateral relations.

He observed that Laos has seen significant development and change compared to the past, noting its political stability and economic progress. He stated that the bilateral relations are excellent and urged those serving at the Embassy and Military Attaché's Office to work towards further strengthening these ties during their tenure. He mentioned that efforts are underway to elevate the bilateral relationship to a comprehensive strategic partnership, and that reciprocal friendship visits between the heads of state of the two countries would be increased.

The President explained that Myanmar is currently on the path of multi-party democracy. He stated that due to irregularities in the 2020 multi-party general elections, the Tatmadaw had to assume state responsibilities in accordance with the constitution. However, he asserted that the Tatmadaw had strived to ensure a firm continuation on the democratic path desired by the people, and had cooperated to the best of its ability during the two terms of the previous democratic government.

He announced that a free and fair election had now been successfully held, and a parliament convened with representatives elected by the people. The newly elected government is now energetically undertaking state duties. He mentioned that some countries, fearing impacts on their interests, do not wish to accept the government elected by the people. Nevertheless, he affirmed that his government would continue striving diligently for national development amidst challenges.

The President noted that Laos, among ASEAN nations, has accepted the political changes in Myanmar, which led to the invitation for this state-level friendship visit. He affirmed that Myanmar continues to adhere to ASEAN consensus and implement agreements in good faith, emphasizing that everyone should be aware of these efforts. He urged those responsible to take care of Myanmar nationals residing in Laos for various reasons as much as possible and advised them to live in unity. He advised the families of the Embassy and Military Attaché's Office to utilize their free time abroad to study English, AI technology, and computer skills individually, hoping they would become capable contributors to the nation in the future.

He also encouraged the scholarship trainee officers studying in Laos to learn the Lao language, leveraging the advantages of Myanmar's own alphabet and vowels. He emphasized that proficiency in any language would be beneficial for their lives. He then inquired about their needs and provided necessary support.

Following this, the President provided food provisions and honorariums to the families of the Embassy and Military Attaché's Office, and the scholarship trainee officers. The Ambassador, the Military Attachés (Army, Navy and Air), and the scholarship trainees received these items.

Subsequently, the President signed the guest book at the Embassy and inspected the construction progress of the new Myanmar Embassy building in Laos. He provided necessary guidance based on reports from the Ambassador and responsible officials.

Afterwards, upon arriving at the Myanmar Military Attaché (Army, Navy and Air) Office, they were welcomed by the Military Attaché and officials. The President then toured and inspected the Military Attaché Office and provided for necessary requirements.

MNA

*From Page 13*

aligned with the environment and culture the of the associated communities. Ten women, residents of Phonthong village in Vientiane, founded the Phontong Handicraft Cooperative (PHC) in 1976 to collectively sell their handicraft products.

The President and wife and delegation arrived at the Patuxai (Victory Gate) in Vientiane in the evening, and were welcomed by officials.

They were conducted around the Patuxai (Victory Gate) and later, posed for documentary photos in front of the Gate.

The Patuxai (Victory Gate) in Vientiane is a prominent monument of Laos. Construction started in 1957, and completed in 1968. It was dedicated to the soldiers who gave their lives for the independence of Laos and for the country. Although it resembles the Arc de Triomphe in France, it was also decorated with Laotian Buddhist designs and Hindu art and architecture. Its interior walls and ceiling were adorned with the statues of female angles, mythical celestial beings, and decorative vine and floral sculptures. As its top observation platform offers a panoramic cityscape of Vientiane, it has become one of the most visited places by local and foreign tourists.

MNA



**President U Min Aung Hlaing visits Phonthong Handicrafts Cooperation and Cama Crafts, a Laotian MSE.**

# Tatmadaw recaptures Mae Za and Nant Thae villages from terrorist insurgent groups



**Military columns have successfully recaptured Mae Za Village, which had been temporarily controlled by terrorist insurgents.**

**Nay Pyi Taw July 4**

The PDF, described as an armed wing of the NUG and CRPH terrorist groups, has temporarily occupied towns and villages in some regions and states while carrying out various destructive activities aimed at disrupting government administration and advancing its own interests. In response, the Tatmadaw has been conducting counter-terrorism operations. As part of these operations, the town of Indaw, which had been under the control of the terrorist insurgents, was recaptured on April 30, 2026.

Following the recapture of Indaw, the Tatmadaw made the necessary preparations and reorganized its forces to continue operations to reclaim villages in the area that had been temporarily occupied by terrorist insurgents. Area security operations were carried out in a coordinated manner through the deployment of multiple columns. As part of these operations, the Tatmadaw recaptured Natmahotelay and Se villages on June 27, where the terrorist insurgents had established fortified positions and operated as bases for terrorist activities. Laenaung Village was recaptured on June 28, followed by Natmahotegyi Village on June 29 and Thanbo Village on June 30.

On the evening of July 4, the Tatmadaw further recaptured Mae Za Village along the Myitkyina–Shwebo railway line and Nant Thae Village on the Myitkyina–Shwebo highway. According to reports, the terrorist insurgents suffered heavy casualties and withdrew in disarray.

During the operations to recapture Mae Za Village and the surrounding villages, the Tatmadaw columns carried out sustained offensives against the terrorist insurgents. A total of 32 major and minor engagements were reported during the operation. According to reports, the Tatmadaw recovered the bodies of seven terrorist insurgents and seized 12 weapons of various types, including an anti-aircraft machine gun. They also captured two vehicles used by the terrorist insurgents, as well as drones, drone bombs, ammunition, and other military equipment used in terrorist activities.

During their temporary occupation of the villages between Indaw and Mae Za, the insurgent groups dug communication trenches, constructed bunkers in residential compounds and along fences, and carried out various acts of sabotage. They also blocked the Myitkyina–Shwebo highway, seized passenger buses and cargo trucks traveling along the route, and reportedly engaged in extortion, torture, killings, and the forced recruitment of local residents. These activities disrupted the transportation of goods throughout the region and adversely affected the socio-economic conditions and livelihoods of local communities.

According to reports, the Tatmadaw will continue working with local communities to implement rehabilitation and reconstruction efforts aimed at improving socio-economic conditions in the area. It will also undertake the necessary measures to restore healthcare and education services for local residents. In addition, area security operations will be intensified to ensure peace, stability, and public security. 100



**Terrorist insurgents have set up temporary defensive positions within and around the surrounding areas of the villages.**



**Weapons, ammunition, drones, and vehicles used by the terrorist insurgents that were seized from them.**

# Regarding the Shwe Kokko area, another illegal nine-story building used in committing online scam and gambling activities was systematically demolished and destroyed. With this action, a total of 68 illegal residential buildings demolished and destroyed



**Completed demolition of an illegal 9-story building used for online scam gambling operations in Shwe Kokko, Myawaddy District, Kayin State, using explosives.**

**Nay Pyi Taw July 4**

Joint departmental teams are currently carrying out the permanent demolition of illegal buildings and the systematic destruction of equipment used in operations within the Shwe-Kokko and KK Park areas of MyawaddyTownship, Kayin State, which had served as bases for online scams and gambling activities. In line with these operations, it is reported that another illegal nine-story building within the Shwe Kokko area was systematically detonated and demolished today.

Out of 77 buildings used for committing online scam and gambling activities within the ShweKokko area, targets have been categorized by building type for systematic demolition, consisting of 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by detonation. Regarding these operations, it is reported that another nine-story building, out of the 57 structures designated for mechanical demolition, was systematically demolished today.

To date, joint departmental teams have systematically demolished and destroyed a total of 68 illegal buildings used in committing online scam and gambling activities. According to reports, operations will continue to systematically destroy the remaining 9 illegal buildings.

100




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံသံဃရာဇာဆရာတော် Maha Ahjan Yai Mahaved Menenai၊ လာအိုနိုင်ငံမှ သက်တော် ၁၀၆ နှစ်ရှိ သက်တော်ရှည်ဆရာတော် Most Ven. Noi Sangvalo တို့အား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူအား ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထက်လွမ်စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ ထက်လွမ်ဘုရားဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ရှေ့ဖုံးမှအဆက်

ထက်လွမ်စေတီတော်ရှိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့်ပန်းမန်များကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စေတီတော်ကြီး စောင်းတန်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်ကြီး စတင်တည်ထားစဉ်အချိန်မှ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့မှု မှတ်တမ်းပန်းချီများကိုကြည့်ရှုကြရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထက်လွမ်စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ထက်လွမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမသို့ ရောက်ရှိကြပြီး ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ရေချမ်း၊ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာဆရာတော် Maha Ahjan Yai Mahaved Menenai ၊ လာအိုနိုင်ငံမှ သက်တော် ၁၀၆ နှစ်ရှိ သက်တော်ရှည်ဆရာတော် Most Ven. Noi Sangvalo တို့အား ဖူးမြော်ကြည်ညိုကြပြီး ပိဋကသုံးပုံစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်၍ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ထက်လွမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမ၌ အပူဇော်ခံထားရှိရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူနှင့် မာရဝိဇယဘုရားကြီး၏ တည်ဆောက်ခဲ့မှု မှတ်တမ်းစာအုပ်ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါထက်လွမ်စေတီတော်အား ၁၃ ရာစုအစောပိုင်းတွင် King Jayavamon VI ကဦးဆောင်၍ တည်ထားခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်ပြည်တွင် ပညာသင်ယူ၍ ပြန်လည်ရောက်ရှိလာသည့် သံဃာတော်ငါးပါးမှ ဗုဒ္ဓ၏ညှပ်ရိုးတော်အောက်ပိုင်းကို ကိုးကွယ်ပူဇော်ရန် ပင့်ဆောင်လာခဲ့ပြီး ဌာပနာအဖြစ်ထားရှိကာ တည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ မူလစေတီတော်မှာလိုဏ်ဂူပုံစံဖြစ်သော်လည်း ခရစ်နှစ် ၁၅၆၀ပြည့်နှစ်တွင် စိုင်ဆက်ထာထီလတ်ဘုရင်သည် လွန်ပရာဘန်မြို့မှ ဗီယင်ကျန်းမြို့သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပထမစေတီတော်အားငုံ၍ စေတီထပ်မံတည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ လာအိုဘာသာဖြင့် ထက်လွမ်စေတီ(That Luang Stupa)ဟုခေါ်ဆိုပြီး အဓိပ္ပာယ်မှာ "ကြီးမားသောစေတီတော်"ဟူ၍ဖြစ်ကြောင်း၊ လာအိုဘုရင်အဆက်ဆက်ကိုးကွယ်ကာ သမိုင်းအစဉ်အလာကြီးမားသည့်စေတီတော်ကြီးဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ နိုင်ငံတော်တံဆိပ်တွင် ထက်လွမ်စေတီတော်၏ ပုံတော်ကို ထည့်သွင်းထားရှိသည်ကို တွေ့ရှိရကြောင်း၊ ထက်လွမ်ဘုရားပွဲတော်အား နှစ်စဉ် လာအိုဘာသာဖြင့် ဖကျိုလ လပြည့်နေ့(မြန်မာ တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပပြီး တစ်နိုင်ငံလုံးမှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက လာရောက်ဂါရဝပြုတွေ့ဆုံ



## ဂါရဝပြုတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၄

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်က လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာ-လာအိုချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ မဟာဗျူဟာမြောက်မိတ်ဖက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းတွင် ပိုးများမွေးမြူထားရှိမှု၊ ချည်များထုတ်လုပ်မှု၊ ချည်ဆေးဆိုးခြင်းနှင့် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဗီယင်ကျန်းမြို့ရှိ Patuxai(Victory Gate)အတွင်း ကြည့်ရှုလေ့လာစဉ်။

☆ **ကျောဖုံးမှအဆက်**

ဆပ်ပြာဆီများကို ပုံစံခွက်အတွင်းသို့ ပုံလောင်းပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပိုးထည်များထုတ်လုပ်မှုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး ပိုးများမွေးမြူထားရှိမှု၊ ချည်များထုတ်လုပ်မှု၊ ချည်ဆေးဆိုးခြင်းနှင့် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ နိုင်ငံတော်သမ္မတပုံလောင်းထည့်ပေးထားသည့် လာအိုရိုးရာသဘာဝဆပ်ပြာကို လက်ဆောင်အဖြစ်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှတာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

အဆိုပါ လာအို အသေးစား၊ အလတ်စားစက်မှုလုပ်ငန်း Phontong Handicrafts Cooperation and Cama Crafts သည် လာအို ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြှင့်တင်၍ လာအိုရိုးရာလက်မှုပညာများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်ဖြစ်သည့်အပြင် လက်မှုပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ဈေးကွက်အခွင့်အလမ်းများ ရှာဖွေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်း၏ မျှော်မှန်းချက်မှာ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ၎င်းတို့နှင့်ဆက်စပ်သည့် လူမှုအသိုင်းအဝိုင်းများတွင် ပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအရ သင့်လျော်ကိုက်ညီသော လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ Phontong Handicraft Coop-erative (PHC) ကို ၁၉၇၆ ခုနှစ်တွင် ဗီယင်ကျန်းမြို့ရှိ ဖွန်ထုံကျေးရွာတွင် နေထိုင်သော အမျိုးသမီး ၁၀ ဦးက ၎င်းတို့ထုတ်လုပ်သည့် လက်မှုပစ္စည်းများကို စုပေါင်းရောင်းချနိုင်ရန် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ Patuxai(Victory Gate)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ Patuxai (Victory Gate) ၌ လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် Patuxai (Victory Gate) ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဗီယင်ကျန်းမြို့တွင် တည်ရှိသော Patuxai(Victory Gate)သည် နိုင်ငံ၏ အထင်ကရ အထိမ်းအမှတ်အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ အဆိုပါPatuxai(Victory Gate)ကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း၊ Patuxai (Victory Gate)သည် လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် နိုင်ငံအတွက်အသက်ပေးခဲ့သော စစ်သည်များကိုဂုဏ်ပြုရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆောက်အအုံ၏ ဒီဇိုင်းမှာ ပြင်သစ်နိုင်ငံ၏ Arc de Triomphe မှယူထားသော်လည်း လာအိုရိုးရာဗုဒ္ဓဘာသာနှင့် ဟိန္ဒူအနုပညာလက်ရာများဖြင့် အလှဆင်ထားခြင်းဖြစ်ကြောင်း၊ Patuxai(Victory Gate) အတွင်း နံရံများနှင့် မျက်နှာကြက်များတွင် နတ်သမီး၊ကင်းနရီနှင့်ပန်းနွယ်အလှဆင်ပန်းပုလက်ရာများကိုမြင်တွေ့နိုင်ပြီး အပေါ်ဆုံးရှုခင်းကြည့်စင်မှ Vientiane မြို့၏ မြင်ကွင်းကျယ်ကိုကြည့်ရှုနိုင်သဖြင့် ပြည်တွင်း၊ပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့် နေရာတစ်ခုလည်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဆက်ဆံရေးကိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊နှစ်နိုင်ငံဆက်ဆံရေးအတွက် ချစ်ကြည်ရေးအသင်းများ၏ အခန်းကဏ္ဍသည် အဓိကကျပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှစ်ရပ်မှဆောင်ရွက်လျက်ရှိသကဲ့သို့ လာအို-မြန်မာချစ်ကြည်ရေးအသင်းနှင့် မြန်မာ-လာအိုချစ်ကြည်ရေးအသင်းတို့ အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများ၊ မြန်မာ-လာအိုချစ်ကြည်ရေးတံတားမှ တစ်ဆင့် အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ်မှုများဆောင်ရွက်ပြီး နယ်စပ်ဒေသနေပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချစ်ကြည်ရေးအသင်းများမှ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်နိုင်မှုအခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်အခန်းကဏ္ဍများကိုအခြေခံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၄**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံရသည့်အတွက်ဝမ်းမြောက်ကြောင်း၊ မိမိအနေဖြင့် လာအိုနိုင်ငံသို့ ယခုလာရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံနိုင်ငံများထဲတွင် ပထမဆုံးလာရောက်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် ဆက်ဆံရေးကောင်းမွန်မှုကို အမြဲထိန်းသိမ်းနိုင်ကြမည့် နိုင်ငံများဖြစ်ကြကြောင်း။

ယခုအခါ လာအိုနိုင်ငံသည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးတိုးတက်အောင်လည်း ဆောင်ရွက်လာနိုင်သည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေး အထူးကောင်းမွန်လျက်ရှိပြီး သံရုံး၊ စစ်သံရုံးတို့တွင်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နှစ်နိုင်ငံ မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံကြား နိုင်ငံ့အကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခုအခါ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိကြောင်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရကြောင်း၊ သို့သော်တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရ သက်တမ်းကာလနှစ်ခုတွင်လည်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများက ရွေးချယ်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကျင်းပ၍ ယခုအခါရွေးချယ်ခံအစိုးရအဖွဲ့က နိုင်ငံတော်တာဝန်များကို အရှိန်အဟုန်ဖြင့် ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ သို့သော် အချို့နိုင်ငံများအနေဖြင့် ၎င်းတို့အကျိုးစီးပွားကို ထိခိုက်မည်ကို စိုးရိမ်သောကြောင့် မိမိတို့နိုင်ငံတွင် ပြည်သူများက ရွေးချယ်ထားသည့် အစိုးရက နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုကို လက်မခံလိုကြကြောင်း၊ သို့သော် မိမိတို့အစိုးရအနေဖြင့် အခက်အခဲများကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများအထဲတွင် လာအိုနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို လက်ခံသဖြင့် မိမိကို ၎င်းတို့နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအဖွဲ့အတွင်း သဘောတူညီမှုများကို မိတ်ဝတ်မပျက် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို အားလုံးက သိရှိကြရန်လိုကြောင်း၊ လာအိုနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများကိုလည်း တတ်နိုင်သရွေ့စောင့်ရှောက်ပေးသွားကြရန်နှင့် စည်းစည်းလုံးလုံးနေထိုင်သွားကြရန်မှာကြားရန်လိုကြောင်း၊ လာအိုနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် သံရုံး၊ စစ်သံရုံးမိသားစုများအနေဖြင့် ပြည်ပနိုင်ငံသို့ရောက်ရှိနေချိန်အတွင်း ရရှိသည့်အားလပ်ချိန်များ၌ အင်္ဂလိပ်စာ၊ AI နည်းပညာနှင့် ကွန်ပျူတာနည်းပညာပိုင်းဆိုင်ရာများကို တစ်ဦးချင်းလေ့လာဆောင်ရွက်သွားကြရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန် မျှော်လင့်ကြောင်း။

လာအိုနိုင်ငံတွင် လာရောက်၍ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင် သင်တန်းသားအရာရှိများအနေဖြင့်လည်း မိမိတို့ဘာသာစကားတွင် အသုံးပြုလျက်ရှိသည့် ဗျည်းနှင့်သရများ၏အားသာချက်ကိုအသုံးချ၍ လာအိုဘာသာစကားကို နားလည်တတ်ကျွမ်းအောင် သင်ယူသွားကြစေလိုကြောင်း၊ မည်သည့်ဘာသာစကားကို တတ်ကျွမ်းသည်ဖြစ်စေ မိမိတို့ဘဝအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက သံရုံးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးအဆောက်အအုံသစ်တည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးသို့ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတသည် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးအဆောက်အအုံသစ် တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

# နှစ်နိုင်ငံ မဟာဗျူဟာမြောက်မိတ်ဖက်ခရီးလမ်း သို့မဟုတ် မဲခေါင်မြစ်ဝှမ်းမှ သတင်းစကား(၁)

ဒီရက်ပိုင်းသတင်းတွေထဲမှာ အထူးခြားဆုံးကတော့ မြန်မာနဲ့ လာအို နှစ်နိုင်ငံကြားက သမိုင်းဝင်ချစ်ကြည်ရေးခရီးစဉ်ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှ တို့ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ လာအိုသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်ရဲ့ ဖိတ်ကြားချက်အရ လာအိုနိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ကြပါတယ်။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးက နှစ်ပေါင်း ၇၀ ကျော် သက်တမ်းရှိပြီဆိုတော့ အခုခရီးစဉ်က ပိုပြီးခိုင်မာတဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်သစ်တစ်ခုကို တက်လှမ်းနိုင်ခဲ့တယ်လို့ ပြောရမှာပါ။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

ခရီးစဉ်စတင်တဲ့ ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက် နံနက်ခင်းမှာတော့ မြန်မာနိုင်ငံရဲ့မြို့တော် နေပြည်တော်မှာ မိုးတိမ်ကင်းစင်ပြီး သာယာလှပတဲ့ရာသီဥတု ရှိနေခဲ့ပါတယ်။ နေပြည်တော် တပ်မတော်လေဆိပ်မှာ ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ လွှတ်တော်ဥက္ကဋ္ဌတွေနဲ့ အစိုးရအဖွဲ့ဝင်တွေ၊ လာအိုသံရုံးက တာဝန်ရှိသူတွေ စုံစုံလင်လင်နဲ့ လိုက်လံပို့ဆောင်နှုတ်ဆက်ကြပြီး သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့ ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး (Minister in Attendance) မစ္စတာ ထောင်ဆာဗန်ဖုန်ဗီဟေးနှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

ကိုယ်စားလှယ်အဖွဲ့ဟာ အထူးလေယာဉ်နဲ့ စတင်ထွက်ခွာခဲ့ကြပါတယ်။

## နွေးထွေးသောကြိုဆိုမှုနှင့် ဝပ်တိုင်းလေဆိပ်မြင်ကွင်း

အထူးလေယာဉ်ကြီးဟာ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်မှာ လာအိုနိုင်ငံရဲ့မြို့တော် ဗီယင်ကျန်းမှာရှိတဲ့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်(Wattay International Air-port) ကို ချောမောစွာ ဆိုက်ရောက်ခဲ့ပါတယ်။ ဒီအချိန်မှာ လာအိုနိုင်ငံရဲ့ ရာသီဥတုကတော့ နံနက်ခင်းပိုင်းမို့ အပူချိန် ၂၆ ဒီဂရီစင်တီဂရိတ်ဝန်းကျင်ပဲရှိပြီး လေပြည်အေးအေးလေးတွေ တိုက်ခတ်နေတဲ့ သာယာစိုပြည်တဲ့မြင်ကွင်းမျိုးပါ။

ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ဟာ လာအိုနိုင်ငံရဲ့ အဓိကအကျဆုံး သမိုင်းဝင် လေကြောင်းဝင်ပေါက်ကြီး ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ကိုလိုနီခေတ် နှောင်းပိုင်းကတည်းက စစ်ဘက်၊ အရပ်ဘက် လေဆိပ်အဖြစ် စတင်အခြေပြုခဲ့တာဖြစ်ပြီး ခေတ်အဆက်ဆက် အဆင့်မြှင့်တင်မှုတွေလုပ်ကာ လာအိုနိုင်ငံကို ကမ္ဘာနဲ့ချိတ်ဆက်ပေးထားတဲ့ မျက်နှာစာတစ်ခုဖြစ်ပါတယ်။

လေဆိပ်ကို ရောက်တာနဲ့ လာအို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးနဲ့ ဇနီး၊ မြန်မာသံအမတ်ကြီး ဦးအောင်ကိုနဲ့ ဇနီးတို့က ဆီးကြိုကြပါတယ်။ လာအိုဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်မှာ နေရာယူအလေးပြုကြသလို လာအိုကလေးငယ်လေးတွေက ပန်းစည်းကမ်းကြ၊ လမ်းဘေးဝဲယာမှာလည်း ကင်းထောက်လူငယ်လေးတွေက နှစ်နိုင်ငံအလံတွေဝှေ့ယမ်းပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေကြပုံဟာ တကယ့်ကို ကြည်နူးစရာ မြင်ကွင်းတစ်ရပ်ပါပဲ။

## သူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချခြင်း

အဲဒီနောက် သမ္မတကြီးနဲ့အဖွဲ့ဟာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ဗီယင်ကျန်းမြို့လယ်မှ အရှေ့မြောက်ဘက် အမျိုးသားလွှတ်တော်အနီးမှာရှိတဲ့ အညတရ သူရဲကောင်းစစ်သည်ဗိမာန် (Unknown Soldiers Monument) ဆီကို သွားရောက်ပြီး လာအိုပြည်သူ့တပ်မတော် စစ်တီးဝိုင်းရဲ့ တီးမှုတ်မှုနဲ့အတူ ဂုဏ်ပြုပန်းခွေချ အလေးပြုခဲ့ကြပါတယ်။

ဒီဗိမာန်ကြီးဟာ လာအိုနိုင်ငံ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာအတွက် အသက်ပေးလှူသွားခဲ့ကြတဲ့ အမည်မသိ သူရဲကောင်းစစ်သည်တွေကို ရည်စူးတည်ဆောက်ထားတဲ့ ထူးခြားမြင့်မြတ်တဲ့နေရာတစ်ခုပါ။ ကောင်းကင်ကိုထိုးထွက်နေတဲ့ မြင့်မြင့်မားမား ထိပ်ချွန်မျှော်စင်ပုံစံ (OBELISK/ MONUMENT TOWER) ပုံသဏ္ဌာန်ရှိပြီး အဝေးကနေ မြင်နိုင်ပါတယ်။ နိုင်ငံတော်အဆင့် ဧည့်သည်တော်တွေရဲ့ ခရီးစဉ်တွေမှာ မဖြစ်မနေ လာရောက်အလေးပြုရတဲ့ သမိုင်းဝင်နေရာတစ်ခုလဲဖြစ်ပါတယ်။

## သမ္မတအိမ်တော်မှ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို၊ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေး

ခရီးစဉ်ရဲ့ အဓိကအပိုင်းကတော့ လာအိုသမ္မတအိမ်တော်မှာ ကျင်းပတဲ့ စစ်ရေးပြ ဂုဏ်ပြုကြိုဆိုပွဲကြီးပါပဲ။ လာအိုသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့် ဇနီး မစ္စစ် နားလီ ဆီစုလိတို့က ခင်မင်ရင်းနှီးစွာ ခရီးဦးကြိုဆိုကြပြီး နှစ်နိုင်ငံနိုင်ငံတော်သီချင်းတွေနဲ့ အလေးပြုခြင်းခံယူကာ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးခဲ့ကြပါတယ်။

လာအိုသမ္မတအိမ်တော်ဟာ မြို့တော်ဗီယင်ကျန်းရဲ့ ဗဟိုချက်မမှာ တည်ရှိပါတယ်။ ဆွေးနွေးပွဲခန်းမထဲ ရောက်တဲ့အခါမှာတော့ တကယ့်ကို ရင်းနှီးပွင့်လင်းတဲ့ အမြင်ချင်းဖလှယ်မှုတွေ လုပ်ခဲ့ကြပါတယ်။ လာအိုသမ္မတကြီးက မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲစွာကြိုဆိုပြီး ဒီခရီးစဉ်ဟာ သံတမန်ရေးတင်မက စီးပွားရေးအရပါ ထူးခြားကြောင်း၊ မိမိအနေနဲ့ ချစ်ကြည်ရေးကို ဆက်လက်မြှင့်တင်သွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။

သမ္မတကြီး ဦးမင်းအောင်လှိုင်ကလည်း နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက် အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံကို ပထမဆုံးလာရောက်ခွင့်ရလို့ ဝမ်းမြောက်ကြောင်း၊ မြန်မာနဲ့ လာအိုဟာ ရှမ်းဘာသာစကားအရ **"ပီနောင့်ကန်"**၊ လာအိုစကားအရ **"ဖီနွန်းကန်"** (ညီအစ်ကိုမောင်နှမများ) ဖြစ်ကြပြီး နယ်စပ်ပြည်သူတွေကို ခွဲခြားလို့မရကြောင်း ဆွေးနွေးခဲ့ပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအခြေအနေ၊ NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးဖော်ဆောင်နေမှုတွေနဲ့ PDF အဖွဲ့တွေကို ဥပဒေဘောင်အတွင်း ဖိတ်ခေါ်ထားမှုတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

လာအိုသမ္မတကြီးက မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ဂုဏ်ယူကြောင်း၊ မြန်မာဟာ လာအိုရဲ့ အယုံကြည်ရဆုံး မိတ်ဆွေဖြစ်လို့ အမြဲထောက်ခံသွားမှာဖြစ်ပြီး မကြာခင် အာဆီယံနဲ့ ပုံမှန်ထိတွေ့မှုတွေ ပြန်ရလာမယ်လို့ ယုံကြည်ကြောင်း၊ နှစ်နိုင်ငံကို မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ် မြှင့်တင်လိုကြောင်း အပြည့်အဝ ထောက်ခံစကား ပြောကြားခဲ့ပါတယ်။ ဒ့ါပြင် ကာကွယ်ရေး၊ ခရီးသွား၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍ စတဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ကိစ္စတွေကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

## နားလည်မှုစာချွန်လွှာ(MoU)များ လဲလှယ်ခြင်းနှင့် လှူဒါန်းမှု

ဆွေးနွေးပွဲအပြီးမှာတော့ သမ္မတနှစ်ဦးရဲ့ ရှေ့မှောက်မှာပဲ တကယ့်ကို လက်တွေ့ကျတဲ့ သမိုင်းဝင် MoU တွေကို လဲလှယ်နိုင်ခဲ့ကြပါတယ်။ နှစ်နိုင်ငံမြို့တော်တွေဖြစ်ကြတဲ့ နေပြည်တော်နဲ့ ဗီယင်ကျန်းမြို့တို့ကြား ညီအစ်မမြို့တော်များ(Sister Cities) တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနဲ့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒ့ါပြင် မြန်မာနိုင်ငံကနေ လာအိုနိုင်ငံအတွက် မေတ္တာလက်ဆောင်အဖြစ် မြန်မာနိုင်ငံထုတ် မြွေဆိပ်ဖြေဆေးအလုံးပေါင်း ၆၄၀ ကိုလည်း ပေးအပ်လှူဒါန်းခဲ့ပါသေးတယ်။ လက်မှတ်ရေးထိုးပွဲအပြီးမှာတော့ လာအိုသမ္မတကြီး ကိုယ်တိုင် သမ္မတကြီး ဦးမင်းအောင်လှိုင်ကို ခင်မင်ရင်းနှီးစွာ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း

ခရီးစဉ်အစပြုတဲ့နေ့ မွန်းလွဲပိုင်းမှာတော့ စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

လာအိုနိုင်ငံရဲ့မြို့တော် ဗီယင်ကျန်းမှာ အပူချိန်က ၂၈ ဒီဂရီစင်တီဂရိတ်ဝန်းကျင် လောက်ပဲရှိတာမို့ တော်တော်လေး သာယာအေးမြတဲ့ ရာသီဥတုအခြေအနေမှာရှိနေခဲ့ပါတယ်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာ ပထမဆုံးအနေနဲ့ လာအိုအမျိုးသားလွှတ်တော်ရုံးကို ရောက်ရှိခဲ့ပါတယ်။ လာအို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဆေဆုံဖုန်း ဖုန်ဝိဟိန့်နဲ့ တာဝန်ရှိသူတွေက သမ္မတကြီးနဲ့အဖွဲ့ကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံတွေ ရိုက်ကူးခဲ့ကြပါတယ်။

လာအိုအမျိုးသားလွှတ်တော် (National Assembly) ဆိုတာ ၁၉၇၅ ခုနှစ် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံထူထောင်ပြီးကတည်းက ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ လက်ရှိလွှတ်တော်အဆောက်အအုံသစ်ကြီးကိုတော့ ဗီယင်ကျန်းမြို့ရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ That Luang ရင်ပြင်နားမှာ ခိုင်ခံ့လှပစွာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ လာအိုနိုင်ငံရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုတဲ့နေရာတစ်ခုပဲဖြစ်ပါတယ်။

ဒီတွေ့ဆုံဆွေးနွေးပွဲမှာ သမ္မတကြီးက လာအိုနိုင်ငံဟာ အာဆီယံနိုင်ငံတွေထဲမှာ ပထမဆုံးလာရောက်တဲ့ နိုင်ငံတော်အဆင့်ခရီးစဉ်ဖြစ်ကြောင်း စကားပလ္လင်ခံပါတယ်။ မြန်မာနိုင်ငံမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး ပြည်သူကရွေးချယ်တဲ့ လွှတ်တော်နဲ့အစိုးရက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့အခြေအနေ၊ အမျိုးသမီးကဏ္ဍမြှင့်တင်နေမှု အခြေအနေများကို ရှင်းပြခဲ့ပါတယ်။ လာအိုနိုင်ငံမှာလည်း မကြာသေးခင်က ရွေးကောက်ပွဲပြီးလို့ အစိုးရသစ်တာဝန်ယူထားတာဖြစ်တဲ့အတွက် နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ပြီး မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်သွားဖို့ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြပါတယ်။

## ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း

အဲဒီနောက်မှာတော့ သမ္မတကြီးဟာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆွန်ဆိုင်စီဖန်ဒွန်နဲ့ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမမှာ ဆက်လက်တွေ့ဆုံခဲ့ပါတယ်။ လာအိုဝန်ကြီးချုပ်ကလဲ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်ခဲ့ပါတယ်။

ပိုမိုလက်တွေ့ကျတဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ မြန်မာ-လာအို ချစ်ကြည်ရေးတံတားကိုအခြေပြုပြီး နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ဖို့၊ ခရီးသွားလာရေးနဲ့ အလုပ်သမားရေးရာတွေပူးပေါင်းဖို့ ဆွေးနွေးခဲ့ကြသလို နေပြည်တော်နဲ့ ဗီယင်ကျန်းမြို့ကို ညီအစ်မမြို့တော် (Sister Cities) အဖြစ် ဆက်ဆံရေးထူထောင်သွားဖို့ ရှိပါတယ်။ မဲခေါင်မြစ်ကြောင်းတစ်လျှောက် ရေအားလျှပ်စစ်စီမံကိန်းတွေ ပူးပေါင်းဖို့နဲ့ အရေးကြီးတဲ့ မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေးကိစ္စရပ်တွေကိုပါ ဝိုင်းဝန်းအဖြေရှာဖို့ သဘောတူခဲ့ကြပါတယ်။ နယ်စပ်ဒေသ တည်ငြိမ်ရေးအပြင် အွန်လိုင်း ငွေကြေးလိမ်လည်မှုတွေ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွေကိုပါ လက်တွဲနှိမ်နင်းသွားကြမယ်လို့ ဆိုပါတယ်။

မိုးရာသီရဲ့ အေးမြတဲ့ရာသီဥတုအောက်မှာ အစပြုခဲ့တဲ့ ဒီခရီးစဉ်ဟာ မြန်မာနဲ့လာအို နှစ်နိုင်ငံကြား သံတမန်ရေး၊ စစ်ဘက်ရေးရာနဲ့ အာဆီယံဒေသတွင်း မိတ်ဖက်ပြုမှုကို ပိုမိုခိုင်မာစေမယ့် သမိုင်းဝင်ခြေလှမ်းသစ်တစ်ခု ဖြစ်ခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ အလုပ်ကိစ္စတွေ၊ ဆွေးနွေးပွဲတွေအကြောင်း ပြောပြခဲ့ပြီးပြီဆိုတော့ အခုတစ်ခါ အနုပညာနဲ့ ယဉ်ကျေးမှုရနံ့တွေ သင်းပျံ့နေတဲ့ နိုင်ငံတော်သမ္မတဇနီး ဒေါ်ကြူကြူလှရဲ့ ခရီးစဉ်အကြောင်းနဲ့ လာအိုသမ္မတအိမ်တော်က ဂုဏ်ပြုညစာစားပွဲအကြောင်းကို ဆက်ပြီးပြောပြပေးချင်ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဆေဆုံဖုန်းဖုန်ဝိဟိန့်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆွန်ဆိုင်စီဖန်ဒွန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**အခုခရီးစဉ်ရဲ့ ပထမဦးဆုံးနေ့ဟာ သံတမန်ရေးအရ ဆွေးနွေးမှုတွေ၊ အရေးပါတဲ့ MoU လက်မှတ်ရေးထိုးမှုတွေတင်မကဘဲ ယဉ်ကျေးမှုနဲ့ အနုပညာရနံ့တွေပါ ထုံမွှမ်းနေခဲ့တဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ လာအိုနိုင်ငံရဲ့ လှပတဲ့မြင်ကွင်းတွေ၊ အနုပညာလက်ရာတွေနဲ့အတူ နှစ်နိုင်ငံခေါင်းဆောင်တွေရဲ့ ရင်းနှီးပွင့်လင်းတဲ့ဆက်ဆံရေးက မြန်မာနဲ့လာအိုဟာ 'ဗီနွန်းကန်' (ညီအစ်ကို မောင်နှမများ) ဆိုတာကို ပိုပြီးထင်ရှားစေခဲ့ . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ လာအိုအနုပညာပြတိုက်(Lao Art Museum)အတွင်း လှည့်လည်ကြည့်ရှုရာ ပြတိုက်တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။

## လာအိုရိုးရာ ပိုးထည်ပြတိုက် (Lao Silk Residence)

နံနက်ပိုင်းမှာ နိုင်ငံတော်သမ္မတဇနီး ဒေါ်ကြူကြူလှဟာ မြန်မာသံအမတ်ကြီးရဲ့ ဇနီး၊ တာဝန်ရှိသူတွေနဲ့အတူ လာအိုရိုးရာပိုးထည်ပြတိုက်ဆီကို သွားရောက်လေ့လာခဲ့ပါတယ်။ ပြတိုက်ကိုရောက်တော့ လာအိုသမ္မတရဲ့ဇနီး မစ္စစ် နားလီ ဆီစုလိ ကိုယ်တိုင်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ပါတယ်။

ဒီပြတိုက်ကြီးဟာ အနားကိုရောက်သွားတာနဲ့ ပြင်သစ်ကိုလိုနီခေတ် ဗိသုကာဒီဇိုင်းနဲ့ လာအိုရိုးရာ အဆောက်အအုံလက်ရာတွေ ပေါင်းစပ်ထားလို့ အချိုးကျကျလှပနေတာကို မြင်တွေ့ရမှာပါ။ ဒါဟာ မကြာသေးခင်ကမှ (၂၀၂၄ ခုနှစ် အောက်တိုဘာလ) လာအိုသမ္မတဇနီး မစ္စစ် နားလီ ဆီစုလိ ကိုယ်တိုင် ဦးဆောင်ပံ့ပိုးပေးမှုနဲ့ လာအိုရိုးရာလက်မှုပညာအသင်းက Lao Silk Residence အဖြစ် တရားဝင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အတွင်းထဲမှာတော့ လာအိုနိုင်ငံတစ်ဝန်းက မတူကွဲပြားတဲ့တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ စုံလင်လှတဲ့ပိုးထည်ယဉ်ကျေးမှုတွေကို တစ်နေရာတည်းမှာ ရင်သပ်ရှုမောဖွယ်မြင်တွေ့နိုင်ပါတယ်။

နိုင်ငံတော်သမ္မတဇနီးဟာ ခင်းကျင်းထားတဲ့ ပိုးထည်တွေကို စိတ်ဝင်တစားကြည့်ရှုပြီး ဧည့်သည်တော်မှတ်တမ်းမှာ လက်မှတ်ရေးထိုးကာ အပြန်အလှန် လက်ဆောင်ပစ္စည်းတွေ ပေးအပ်ခဲ့ကြပါတယ်။

## လာအိုအနုပညာပြတိုက် (Lao Art Museum)

ဆက်လက်ပြီး နိုင်ငံတော်သမ္မတဇနီးနဲ့အဖွဲ့ဟာ လာအိုအနုပညာပြတိုက်ဆီကို သွားရောက်ခဲ့ကြပါတယ်။ ပြတိုက်တာဝန်ရှိသူတွေကလည်း လှိုက်လှိုက်လှဲလှဲကြိုဆိုပြီး ခင်းကျင်းပြသထားတဲ့ လက်မှုအနုပညာပစ္စည်းတွေအကြောင်း လိုက်လံရှင်းလင်းပြသခဲ့ကြပါတယ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာ စတင်ဖွင့်လှစ်ခဲ့တာမို့ ခေတ်မီအနုပညာပြခန်းပုံစံမျိုး ခင်းကျင်းထားပါတယ်။ အတွင်းထဲမှာတော့ ဝါရင့်အနုပညာရှင်ကြီးတွေရဲ့ လက်ရာတွေကစလို့ လူငယ်မျိုးဆက်သစ်တွေရဲ့ ဗုဒ္ဓရုပ်ပွားတော်လက်ရာတွေ၊ ဆန်းသစ်တဲ့ ခေတ်ပေါ်စိတ်ကူးယဉ်ပန်းပုတွေ၊ ဆီဆေး၊ ရေဆေး ပန်းချီကားတွေကို ကဏ္ဍအလိုက် စနစ်တကျပြသထားလို့ လာအိုရဲ့ အနုပညာခရီးစဉ်ကို တစ်ဆက်တည်းမြင်တွေ့နိုင်တဲ့ မြင်ကွင်းကျယ်ကြီး ဖြစ်ပါတယ်။

ဒီနေရာမှာလဲ သမ္မတဇနီးက ဧည့်သည်တော်မှတ်တမ်းမှာ လက်မှတ်ရေးထိုးပြီး ဂုဏ်ပြုလက်ဆောင်တွေ လဲလှယ်ခဲ့ကြပါတယ်။

## သမ္မတအိမ်တော်မှ ဂုဏ်ပြုညစာစားပွဲ

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရဲ့ ရာသီဥတုကတော့ နံနက်ပိုင်းမှာ မိုးတိမ်ကင်းစင်ပြီး နေရောင်ခြည် နွေးနွေးလေးရရုံသာရှိပေမဲ့ ညနေပိုင်း ဂုဏ်ပြုညစာစားပွဲ အချိန်မှာတော့ မဲခေါင်မြစ်ဆီက ဖြတ်တိုက်လာတဲ့ လေညင်း အေးအေးလေးတွေကြောင့် ညချမ်းအချိန်အခါက တကယ့်ကို သာယာစိုပြည်လို့နေပါတယ်။

ဒီနေ့ခရီးစဉ်ရဲ့ အစည်ကားဆုံး အပိုင်းကတော့ ညပိုင်းမှာကျင်းပခဲ့တဲ့ လာအိုသမ္မတအိမ်တော် ဂုဏ်ပြုညစာစားပွဲကြီးပဲဖြစ်ပါတယ်။ လာအိုသမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့် ဇနီး မစ္စစ် နားလီ ဆီစုလိတို့က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုခဲ့ကြပါတယ်။

စာမျက်နှာ ၂၁ သို့

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ




**မန္တလေး ဇူလိုင် ၄**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကကြီးမှူး၍ ၂၀၂၆ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးခင်မောင်အေး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများလှူဒါန်းပြီး လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရား လွှတ်တော်တရားသူကြီးချုပ်၊ မြို့တော်ဝန်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တက်ရောက်လာကြသူများနှင့်အတူ ခရေ၊ ကံ့ကော်၊ မည်စည်၊ တည်၊ ငု၊ ဖွားဖက်တော်၊ တပေဘူတ၊ စိန်ပန်းအရိပ်ရပင် အမျိုးအစား ရှစ်မျိုး စုစုပေါင်း အပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြန်မာ-လာအို နယ်စပ် မဲခေါင်မြစ်ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၄**

လာအိုနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-လာအို နယ်စပ်ရှိ မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို ယနေ့ လက်မှတ်ရေးထိုးကြသည်။

အဆိုပါ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Crowne Plaza Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Dr. Manothong Vongsay က စီမံကိန်းသည် မြန်မာ-လာအို ချစ်ကြည်ရေး၏ အရေးပါသော ပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာ-လာအို လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်အတွင်းမှ နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသ တစ်ခုလုံးအတွက် အကျိုးကျေးဇူးများရရှိနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်း၏ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်မှုများ အမြန်ဆုံးပြီးမြောက်စေရန်နှင့် စီမံကိန်းလျင်မြန်စွာ အကောင်အထည်ဖော် ဆောင်နိုင်ရန်အတွက် လာအိုအစိုးရဘက်က အကောင်းဆုံး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ယနေ့ချုပ်ဆိုသော ပူးတွဲသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ နယ်စပ်တွင်ရှိသော မဲခေါင်မြစ်ပေါ်တွင် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီနှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဖြစ်သောကြောင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အထူးအရေးပါသော စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ဒေသတွင်းလိုအပ်နေသော လျှပ်စစ်ဓာတ်အားကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် အာဆီယံဒေသတွင်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ ရည်မှန်းချက်ပြည့်မီရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်မြစ်သည် နှစ်နိုင်ငံနယ်စပ်မြစ်ဖြစ်သောကြောင့် စီမံကိန်းဆောင်ရွက်ရာတွင် မြန်မာ၊ လာအိုနှစ်နိုင်ငံ၏ ဒေသထုံးတမ်းအစဉ်အလာများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာအစိုးရအနေဖြင့်လည်း စီမံကိန်း အောင်မြင်စေရန် အတတ်နိုင်ဆုံး ကြိုးကြပ်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။




ယင်းနောက် နှစ်နိုင်ငံဒုတိယဝန်ကြီးများရှေ့မှောက်တွင် မြန်မာ-လာအို နယ်စပ် မဲခေါင်မြစ် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Primus Sapphire Power Co., Ltd နှင့် လာအိုနိုင်ငံဘက်မှ တာဝန်ပေးအပ်သော Phongsupthavy Group Sole Co., Ltd တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းသည် ခန့်မှန်းတပ်ဆင်အင်အား မဂ္ဂါဝပ် ၂၇၉၀ ထိ ထွက်ရှိနိုင်သော စီမံကိန်းဖြစ်ပြီး ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှု လုပ်ငန်းများကို ၃၄ လအတွင်းပြီးစီးစေရန် မြန်မာကုမ္ပဏီနှင့် လာအိုကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ် ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ ပင်မထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများကို အခါအားလျော်စွာထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၁၃၂ ကေဗွီ အင်းကုန်းပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ စက်မှုလိုင်း၏ ဓာတ်အားဖြတ်ခလုတ် (Circuit Breaker) (B-Phase) မှာ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်နေသဖြင့် အရန်ပစ္စည်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါခွဲရုံရှိ ၃၃ ကေဗွီ Main Bus ကို ဇူလိုင် ၅ ရက် ညနေ ၃ နာရီမှ ၆ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်စဉ် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျောက်ဆည်မြို့၊ မြစ်သားမြို့၊ ကူမဲမြို့တို့ရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ကေဗွီ ၂၃၀ နေပြည်တော်-၁ ပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်နံနက် ၉ နာရီမှ ၁၁ နာရီထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်စဉ် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ သုခတော်ဝင်အိမ်ရာ၊ နေပြည်တော်အုတ်စက်၊ ရွှေနံ့သာရပ်ကွက်၊ မင်းကုန်းကွက်သစ်ရပ်ကွက်နှင့် တောင်ညိုတို့ရှိ ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ စက်ရုံ၊အလုပ်ရုံများဓာတ်အားသုံးစွဲသူမိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**စာမျက်နှာ ၂၀ မှအဆက်**

လာအိုသမ္မတအိမ်တော် (Presiden-tial Palace) ဆိုတာ ဗီယင်ကျန်းမြို့လယ်က မဲခေါင်မြစ်အနီးမှာတည်ရှိပြီး ပြင်သစ်ဘုရင်ခံအိမ်တော်အဖြစ် ၁၉၇၃ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ Beaux-Arts ဗိသုကာစတိုင် တည်ဆောက်ထားပြီး အရှေ့ဦးအလင်းရောင်တွေ၊ ညဘက်မီးရောင်စုံတွေအောက်မှာ တင့်တယ်ခံ့ညားလွန်းလို့ ဗီယင်ကျန်းမြို့ရဲ့ အလှပဆုံး အထင်ကရအဆောက်အအုံကြီးတစ်ခုအဖြစ် ရည်ညွှန်းကြပါတယ်။

ညစာစားပွဲမှာ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်တွေ စုံစုံလင်လင်တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံ နိုင်ငံတော်သီချင်းတွေ ဖွင့်လှစ်ကာ သမ္မတနှစ်ဦးက နှုတ်ခွန်းဆက်စကားတွေ ပြောကြားခဲ့ကြပါတယ်။ ညစာသုံးဆောင်နေစဉ် အတွင်းမှာတော့ လာအိုယဉ်ကျေးမှုအဖွဲ့က မြန်မာနဲ့ လာအို နှစ်နိုင်ငံတေးသီချင်းတွေ ကပြဖျော်ဖြေမှုတွေနဲ့ ညှို့ခံဖျော်ဖြေခဲ့လို့ ညချမ်းရဲ့မြင်ကွင်းက တကယ့်ကို သံတမန်ရေးအရရော ယဉ်ကျေးမှုအရပါ လှပတင့်တယ်နေခဲ့ပါတယ်။

ခြုံပြီးပြောရရင်တော့ အခုခရီးစဉ်ရဲ့ ပထမဦးဆုံးနေ့ဟာ သံတမန်ရေးအရ ဆွေးနွေးမှုတွေ၊ အရေးပါတဲ့ MoU လက်မှတ်ရေးထိုးမှုတွေတင်မကဘဲ ယဉ်ကျေးမှုနဲ့ အနုပညာရနံ့တွေပါ ထုံမွမ်းနေခဲ့တဲ့ သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ လာအိုနိုင်ငံရဲ့ လှပတဲ့မြင်ကွင်းတွေ၊ အနုပညာလက်ရာတွေနဲ့အတူ နှစ်နိုင်ငံခေါင်းဆောင်တွေရဲ့ ရင်းနှီးပွင့်လင်းတဲ့ဆက်ဆံရေးက မြန်မာနဲ့ လာအိုဟာ **'ဖိန္ဓန်းကန်'** (ညီအစ်ကိုမောင်နှမများ)ဆိုတာကို ပိုပြီး ထင်ရှားစေခဲ့တာပါ။ ဒီလို ကဏ္ဍစုံအောင်မြင်မှုတွေနဲ့ စတင်ခဲ့တဲ့ခရီးလမ်းရဲ့ နောက်ထပ်စိတ်ဝင်စားစရာအပိုင်းတွေကိုလဲ ဆက်လက်မျှဝေပေးသွားပါဦးမယ်။

**ရဲခေါင်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေး (၈)ထပ် ကလေးကုသဆောင်သစ် ဖွင့်ပွဲတက်ရောက်



နေပြည်တော် ဇူလိုင် ၄

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေး (၈)ထပ် ကလေးကုသဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် (၈)ထပ်ကလေးဆေးကုသဆောင်သစ် မြေညီထပ်ရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်းများ၊ ဒုတိယထပ်ရှိ ကလေးခွဲစိတ်ကုသဆောင်၊ ဆဋ္ဌမထပ်ရှိ ကလေးကုသဆောင်နှင့် အပေါ်ဆုံးထပ်ရှိ စာသင်ခန်းများနှင့် အစည်းအဝေးခန်းမကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။ ခတ်ခွဲနမူနာလက်ခံဌာနနှင့် ခတ်မှန်ဌာန၊ ပထမထပ်ရှိ

ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေးတွင် ကလေးအထူးကုဌာန၊ ကလေးခွဲစိတ်အထူးကုဌာန၊ ကလေးအထူးကြပ်မတ်ကုသဌာန၊ ကလေးအရိုးအထူးကုဌာန၊ ကလေးဖွံ့ဖြိုးမှု ပြင်ပလူနာဌာန၊ ကလေးနှလုံးကုသပြင်ပလူနာဌာန၊ မွေးကင်းစအထူးကြပ်မတ်ကုသဆောင်တို့ကို ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ကင်ဆာရောဂါကုသဆောင်၌ ကင်ဆာဆေးသွင်းဌာန၊ အတွင်းလူနာဆောင်များ၊ ခတ်ခွဲဌာနနှင့် ခတ်မှန်ဌာန၊ သွားနှင့်ခံတွင်း အထူးကုဌာန (ကန်တော်နဒီ)၌ သွားနှင့်ခံတွင်းကုသမှုများ ဆောင်ရွက်ပေးနေမှု၊ ခေတ်မီဒီဂျစ်တယ်နည်းပညာဖြင့် ပုလဲသွားတု(Zirconia crown) ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အခမ်းအနား တက်ရောက်



နေပြည်တော် ဇူလိုင် ၄

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာဌာနများမှ ဖိတ်ကြားထားသူများ၊ ပညာရှင်များ၊ သမဝါယမအသင်းစုချုပ်များ၊ လုပ်ငန်းရှင်များ၊ မိတ်ဖက် အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်ကပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

## ကြည့်ရှု

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက် အသင်းဝင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းစု ဒါရိုက်တာ ဒေါ်သန္တာဝင်းက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနမှ ပေးပို့သည့် သဝဏ်လွှာဝမ်းမြောက်စကား မှတ်တမ်းဗီဒီယိုကိုပြသပြီး ကျေးလက်ဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုအား ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ဦးမင်းနောင်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် စွမ်းဆောင်ရည်အကောင်းဆုံး တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်ဆု၊ စွမ်းဆောင်ရည်အကောင်းဆုံး မြို့နယ် သမဝါယမအသင်းစုဆု၊ ကုန်ထုတ်လုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံ သမဝါယမအသင်းဆု၊ ကုန်သွယ်မှုလုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံ သမဝါယမအသင်းဆု၊ ဝန်ဆောင်မှုလုပ်ငန်းများ အကောင်းဆုံး စွမ်းဆောင်နိုင်သည့် အခြေခံ သမဝါယမအသင်းဆု၊ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆု၊ ကျေးရွာပတ်ဝန်းကျင် စီမံခန့်ခွဲမှုစံပြဆု၊ ကျေးလက်ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုဆုတို့ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများနှင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်၊ စားသောက်ကုန်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ အရောင်းပြခန်းများကို ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည် ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီး MSME Agency အဖွဲ့ဝင်များနှင့် တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၄

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာတာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး MSME Agency အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် MSME တစ်ခုအောင်မြင်ခြင်းသည် မိသားစုတစ်စု၏ ဝင်ငွေတိုးတက်ခြင်း၊ MSME တစ်ထောင်အောင်မြင်ခြင်းသည် မြို့တစ်မြို့၏ စီးပွားရေးရှင်သန်လာခြင်း၊ MSME သောင်းချီအောင်မြင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ဦးမော့လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် MSME ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးမူဝါဒ တစ်ရပ်သာမဟုတ်ဘဲ လူသားအရင်းအမြစ်ကိုပါ ဗဟိုပြုသည့် အမျိုးသားဖွံ့ဖြိုးရေးမဟာဗျူဟာ တစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ၏ ချမှတ်ထားသည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။

## လုပ်ငန်းဆိုင်ရာများ မှာကြား

ယင်းနောက် တက်ရောက်လာကြသူများက MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းထားရှိမှု၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေး၊ စက်မှုလုပ်ငန်းများနှင့် ဒေသတွင်းရှိ တက္ကသိုလ်များ ချိတ်ဆက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

● **မြန်မာ ယူ-၂၀ အသင်းမှ**

အာရှဖလား ယူ-၂၀ ခြေစစ်ပွဲမတိုင်မီ ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး ဒုတိယပိုင်း သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းအနေဖြင့် ခြေစွမ်းပိုင်း အကောင်းဆုံးခြေစွမ်းအနေ အထားမရရှိသေးသော်လည်း နိုင်ပွဲရရှိခဲ့သဖြင့် ယုံကြည်မှုတိုးတက်ပြီး ဒုတိယခြေစမ်းပွဲတွင် ပိုမိုကောင်းမွန်သည့် အသင်း၏စွမ်းရည်ကို မြင်တွေ့ရဖွယ်ရှိကြောင်း သိရသည်။

ကိုစံ

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အောင်ပန်းမြို့နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၄**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ မြင်းမထိကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အဆိုပါကျေးရွာရှိ မြင်းမထိကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၉ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၁၉၆ ဦးတို့ကို သွေးနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ Ultra-sound စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြင်းမထိကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များကို ဆွမ်းဆန်၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်ရှိ ကသည်းဝန်းဓမ္မာရုံ၌အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၅၈ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၄**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ်ဖြစ်သည့် ပြင်ဦးလွင်တပ်နယ်နှင့် မန္တလေးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အုပ်စု လေးစုခွဲကာ ဇူလိုင် ၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် ဇူလိုင် ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စာသင်ခုံများပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာသောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇူလိုင် ၄

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ပြီး တပ်ရင်း၊တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူစစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဇူလိုင် ၁ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏ နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက်စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့်ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာတာဝန်ကျေပွန်ခဲ့ကြသူများအဖြစ် လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများ ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများကို မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊အောင်သပြေခက်များ၊ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်ကပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့် ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့် မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရသည်။













နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများ ရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင် သို့မဟုတ် အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကိုရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း ရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ် တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

❖ ပြန်လည်သိမ်းပိုက်မှ

အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသောကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး ( Counter Terrorism- Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများစိုးမိုးထားသော အင်းတော်မြို့ကိုလည်း ၂၀၂၆ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျေးရွာများကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အင်းတော်မြို့၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မဲဇာကျေးရွာနှင့် နန့်သဲကျေးရွာတို့ကို အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်မှုပြမြေပုံ။

အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရှပ်ရှပ်ချုံချုံတိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ထိတွေ့မှုစုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်းခုနစ်လောင်း၊ လေယာဉ်ပစ် စက်သေနတ်အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ အကြမ်းဖက်လုပ်ဆောင်ရာတွင်အသုံးပြုခဲ့သည့် မော်တော်ယာဉ် နှစ်စီး၊ Drone များ၊ Drone ဗုံးသီးများ၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အင်းတော်မြို့နှင့် မဲဇာကျေးရွာအကြားရှိ ကျေးရွာများကို ယာယီစိုးမိုးထားစဉ်အတွင်း ဆက်သွယ်ရေးမြောင်းများတူးကာ ပြည်သူလူထုနေအိမ်များ၊ ခြံစည်းရိုးများတွင် ဘန်ကာများပြုလုပ်၍ အခိုင်အမာခံစစ်ဆင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် မြစ်ကြီးနား-ရွှေဘို ကားလမ်းမကြီးကို ပိတ်ဆို့၍ အဆိုပါလမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသော ခရီးသွားမော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များကိုဖမ်းဆီး၍ ဆက်ကြေးကောက်ခြင်း၊ ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်း ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရပြီး ပြည်သူလူထုအနေဖြင့်လည်း လူမှုစီးပွားဘဝများ အဘက်ဘက်မှ နိမ့်ပါးခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ဇွန် ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခံစစ်ပြင်ဆင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အခြေချနေထိုင်သော နတ်မဟုတ်လေးကျေးရွာနှင့် ဆည်ရွာတို့ကိုလည်းကောင်း၊ ဇွန် ၂၈ ရက်တွင် လယ်နောင်ကျေးရွာကိုလည်းကောင်း၊ ဇွန် ၂၉ ရက်တွင် နတ်မဟုတ်ကြီးကျေးရွာကိုလည်းကောင်း၊ ဇွန် ၃၀ ရက်တွင် သံဘိုကျေးရွာကိုလည်းကောင်း အဆင့်ဆင့် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မြစ်ကြီးနား-ရွှေဘို မီးရထားလမ်းပေါ်ရှိ မဲဇာကျေးရွာနှင့် မြစ်ကြီးနား-ရွှေဘို ကားလမ်းပေါ်ရှိ နန့်သဲကျေးရွာတို့ကို အသီးသီးပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မဲဇာကျေးရွာအပါအဝင် အဆိုပါကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့်လက်တွဲ၍ ဆက်လက်ဖော်ဆောင် ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မဲဇာကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ် နန့်သဲကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်ခဲယမ်းများ၊ ဗုံးသီးများ၊ ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် ၁၂ ဒသမ ၇ လေယာဉ်ပစ် စက်သေနတ်ကြီးနှင့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာများအတွင်းနှင့် အဆိုပါကျေးရွာများ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ယာယီခံစစ်စခန်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။

---

❑ နေရာကွက်၍ မိုးကြီးနိုင်မှ

အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေ မှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များ အနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ကိုးထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၈ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။






ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ် လူနေအဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ် လူနေအဆောက်အအုံကို ယမ်းဖြင့်ဖောက်ခွဲ ဖျက်ဆီးပြီးစီးမှု တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ် လူနေအဆောက်အအုံကို ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေမှုတွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၄

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ကိုးထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ကိုးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

○ ရိုးရာခြင်းလုံးပြိုင်ပွဲမှ

ယှဉ်ပြိုင်ကစားနေမှုကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ခြောက်ပေါက်တန်း အမျိုးသားပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ရမှတ် ၅၃၀၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၂၆၈ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၇၆၀၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၀၇၉ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၉၃၁ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းက ရမှတ် ၁၁၆၀ နှင့် ပညာရေးဝန်ကြီးဌာန အသင်းက ရမှတ် ၈၄၅ မှတ် ရရှိကြသည်။

ဝန်ကြီးဌာနများအလိုက် ယှဉ်ပြိုင်မှုများအပြီးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၄၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၉၆ မှတ် စုစုပေါင်းရမှတ် ၂၈၀၄ မှတ်ဖြင့် ပထမ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၂၈၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၃၄၈ မှတ် စုစုပေါင်းရမှတ် ၂၆၃၇ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၂၁၅ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၂၆၈ မှတ် စုစုပေါင်းရမှတ် ၂၄၈၃ မှတ်ဖြင့် ပူးတွဲတတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၁၀၈၆ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၁၁၆၀ စုစုပေါင်းရမှတ် ၂၂၄၆ မှတ်ဖြင့် ပူးတွဲတတိယရရှိကြသည်။

ထို့အတူ လေးပေါက်တန်းအမျိုးသမီးပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၇၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၅ မှတ် စုစုပေါင်းရမှတ် ၁၃၂၆ မှတ်ဖြင့် ပထမ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၀၉ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၆၅၆ မှတ် စုစုပေါင်း ရမှတ် ၁၂၆၅ မှတ်ဖြင့် ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၆၀၈ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၅၈၅ မှတ် စုစုပေါင်း ရမှတ် ၁၁၉၃ မှတ်ဖြင့် ပူးတွဲတတိယ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပထမနေ့တွင် ရမှတ် ၄၃၁ မှတ်နှင့် ဒုတိယနေ့တွင် ရမှတ် ၄၂၂ မှတ် စုစုပေါင်း ရမှတ် ၈၅၃ မှတ်ဖြင့် ပူးတွဲတတိယရရှိခဲ့သည်။

ဇူလိုင် ၆ ရက်တွင် ခြောက်ပေါက်တန်း အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်အဖြစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ လေးပေါက်တန်းအမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့အတူ ဇူလိုင် ၅ ရက်တွင် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ Linking(Event-3) အမျိုးသမီး ပြိုင်ပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်း၊ အားကစားရေးရာ ဝန်ကြီးဌာနအသင်း၊ Linking(Event-3) အမျိုးသားပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဇူလိုင် ၁ ရက်မှ ၆ ရက်ထိ နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**၂၀၂၆ ခုနှစ် ဇူလိုင် ၄ ရက် ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၅၀၀၀၀ကျပ်။

ခာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နှမ်း ၄၄၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးစသည့် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကလေးမြို့နယ် သဖန်းအိုင်ကျေးရွာ၌ သဲကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကလေး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သဖန်းအိုင်ကျေးရွာ၌ သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းအောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်မျိုးသီရိထွန်းနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ နှင့်အတူ သဖန်းအိုင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးရွာတွင်းလမ်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲကျောက်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၂၅ သန်းကို အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါကျေးရွာရှိ ကျေးလက်နေ ပြည်သူများ အတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာသွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။ **သော်ဇင်ထူး**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း ကွမ်းသီးနုပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအား ကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇွန်လထဲမှာ ကွမ်းသီးနုပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့မှု များပြားလာတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၇၇၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိ ကွမ်းသီးနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှငွေးက ပြောပြသည်။



ကုန်သည်များသည် ဓနုဖြူမြို့နယ်က ထွက်ရှိသည့်ကွမ်းသီးနုများကို ကွမ်းသီးခြံများအရောက်သွားရောက်ဝယ်ယူကာ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ရင်းတိုက်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် ရင်းတိုက်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြား မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေးအခက်အခဲများ လျော့နည်းစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၀၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရင်းတိုက်ကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၀၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်ထံမှ သိရသည်။ **သန်းလွင်(မကွေး)**

# မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းဖြတ် ဇူလိုင် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီးဆင်းရဲမှု လျော့ကျစေရန်ရည်ရွယ်၍ နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့်ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နမ့်လန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနမ့်လန်းကျေးရွာ၌ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၅၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်ထံမှ သိရသည်။ **ဇင်မာ**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

ခရီးသွားဆောင်းပါး

# တက်ကြွရွှင်လန်းမမောပန်း ဂေါ်ရန်ဂျီကျွန်းက လိပ်ချိုင်စခန်း

သက်နိုင်(ပြင်ဦးလွင်)

ရောဝတီတိုင်းဒေသကြီးခရီးစဉ်မှာ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့နယ်ခွဲအတွင်းက ဂေါ်ရန်ဂျီကျွန်းကို မိမိတို့မောင်နှမတွေ ရောက်ကြပါပြီ။ ရောက်ရောက်ချင်း နေ့လယ်စာထမင်းစား၊ ဟိုတယ်မှာတစ်ရေးတစ်မော အိပ်စက်အနားယူပြီးကြတာနဲ့ နံ့သာပုစခန်းကနေ စက်လှေစီးပြီး ပင်လယ်ပြင်အတွင်းကို စတင်ထွက်ခွာလာခဲ့ကြတယ်။ အချိန်က ညနေ ၃ နာရီရှိနေပါပြီ။ ဒီအချိန်က တဖြည်းဖြည်းနဲ့ နေကျချိန်ဖြစ်နေတာကြောင့် ပင်လယ်ပြင်အတွင်းမှာ စက်လှေစီးလို့ကောင်းနေသလို ကျနေအရောင်တောက်တောက်ပပအောက်မှာ တည်ရှိမြင်တွေ့နေရတဲ့ ရှုခင်းတွေက ပိုမိုလှပနေတယ်လို့ ထင်မှတ်နေတယ်။

စက်လှေက ဂေါ်ရန်ဂျီကျွန်းကြီးကို လှည့်ပတ်ခုတ်မောင်းနေတာပါ။ ဒီလိုခုတ်မောင်းနေရင်းနဲ့ ကျွန်းပေါ်မှာရှိနေတဲ့ သဘာဝကျောက်တောင်ကြီးတွေ၊ ကျောက်တုံးကျောက်စိုင်ကြီးတွေကို ရေတိုက်စားထားတဲ့ အခြေအနေလက္ခဏာတွေနဲ့ မြင်တွေ့နေရတယ်။ တချို့နေရာတွေမှာ ကျွန်းကြီးနဲ့လုံးဝဆက်စပ်တည်ရှိနေမှုမရှိဘဲ ပင်လယ်ပြင်အတွင်းမှာ တစ်ခုတည်းထွက်နေတဲ့ ကျောက်တိုင်ကြီးတွေကိုလဲ တစ်တိုင်ပြီးတစ်တိုင် တွေ့မြင်နေရတယ်။ ဒေသခံတွေက ဒီကျောက်တိုင်ကြီးတွေကို ကျောက်ခြေတောက်လို့ခေါ်ဆိုကြတယ်။ ကျောက်ခြေတောက်တွေက ဂေါ်ရန်ဂျီကျွန်းပတ်ဝန်းကျင်မှာ အများအပြားတည်ရှိနေကြတယ်။ သူတို့က မိမိတို့သွားရောက်လေ့လာလည်ပတ်ပြီးခဲ့တဲ့ ပြင်ခရိုင်၊ ထိပ်စွန်းမှာရှိနေတဲ့ ကျောက်မှိုပွင့်ကြီးတွေနဲ့မတူဘဲ သူတို့ပုံစံ၊ သူတို့သဘာဝအတိုင်း တည်ရှိနေကြတယ်။ ဒါပေမဲ့ ထိပ်စွန်းမှာရှိနေတဲ့ ကျောက်မှိုပွင့်ကြီးတွေကော၊ ဂေါ်ရန်ဂျီကျွန်းက ကျောက်ခြေတောက်တွေကော ပင်လယ်ရေတိုက်စားမှုဒဏ်တွေကြောင့် ဖြစ်ပေါ်နေကြရတာပါ။ နေရာဒေသနဲ့ ပင်လယ်ရေတိုက်စားမှု အခြေအနေတွေပေါ်မူတည်ပြီး ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်ပေါ်နေကြတယ်။ ပင်လယ်ပြင်အတွင်းက ရှုခင်းတွေကို လေ့လာကြည့်ရှုနေရင်းနဲ့ မကြာခင်မှာ လိပ်ချိုင်စခန်းကို ရောက်လာခဲ့ကြတယ်။

လိပ်ချိုင်စခန်းက အခြားရောက်ဖူးခဲ့တဲ့ ပင်လယ်ကမ်းခြေတွေမှာလို သဲသောင်ပြင်တွေမဟုတ်ဘဲ ကျောက်တုံးတွေ၊ ကျောက်ပြင်ကျယ်ကြီးတွေ၊ ကျယ်ပြောတဲ့ ကျောက်ခွက်တွေ၊ ကျောက်တန်းကြီးတွေ၊ ကျောက်တောင်ကြီးတွေနဲ့ ကမ်းခြေတစ်လျှောက်လုံး သဘာဝအတိုင်း သာယာလှပနေတယ်။ ပင်လယ်ပြင်အတွင်းကနေ ရိုက်ခတ်မြင့်တက်လာတဲ့ ရေလှိုင်းလုံးကြီးတွေက ကျောက်တုံးကြီးတွေ ကျောက်တန်းကြီးတွေကို တဝုန်းဝုန်းနဲ့ တရကြမ်းအဆက်မပြတ်ပြေးဝင်ဆောင့်နေကြသလို ကျောက်တုံးကြီးတွေ၊ ကျောက်တန်းကြီးတွေမရှိတဲ့ ကျောက်ပြင်ကျယ်ကြီးတွေ၊ ကျောက်ခွက်တွေအပေါ်ကို တစ်လုံးပြီးတစ်လုံး တက်လာလိုက်၊ ပြန်ဆင်းသွားလိုက်နဲ့ ဖြည်းဖြည်းညင်းညင်း၊ ညင်ညင်သာသာ ဖြစ်ပေါ်နေတဲ့ မြင်ကွင်းတွေကိုလဲ တူညီမှုမရှိတဲ့ အပြောင်းအလဲပုံစံမျိုးတွေနဲ့ တွေ့မြင်နေရတယ်။

လိပ်ချိုင်စခန်းမှာ လူနေအိမ်ခြေတွေမရှိဘဲ အုန်းသီးနဲ့အုန်းရည်ကို အဓိကထားပြီး ဖွင့်လှစ်ရောင်းချနေတဲ့ စားသောက်ဆိုင်လေးနှစ်ဆိုင်သာရှိနေတယ်။ ဒီဆိုင်လေးနှစ်ဆိုင်မှာ အုန်းစိမ်းရည်နဲ့အတူ အခြားစားသောက်စရာတွေ၊ ဒေသထွက်အမှတ်တရပစ္စည်းတွေကို ဝယ်ယူရရှိနိုင်တယ်။ ခုတ်မောင်းလာတဲ့ စက်လှေတွေက ဆိုင်လေးတွေရှေ့မှာ ရပ်လိုက်ပြီး ဒီနေရာကနေ ပြန်လည်ထွက်ခွာကြတာကြောင့် ခရီးသွားဧည့်သည်တွေ ဆိုင်လေးတွေမှာ ဝင်ရောက်နားခိုကြရင်း၊ ပါလာတဲ့ပစ္စည်းတွေကို ဆိုင်ရှင်တွေဆီမှာ အပ်ထားရင်း စခန်းအနီးဝန်းကျင်ကို စိတ်ချလက်ချ လေ့လာလည်ပတ်ကြတယ်။

လိပ်ချိုင်စခန်းမှာ လေ့လာလည်ပတ်ကြဖို့အတွက်နဲ့ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူကြဖို့အတွက် နေရာတွေ အများအပြားရှိနေတယ်။ ဒ့ါပြင် ထူးထူးခြားခြားအဖြစ် ပန်းကန်တိုက်ဆိုတာလဲ ရှိနေတယ်။ ပန်းကန်တိုက်ကတော့ ဂေါ်ရန်ဂျီကျွန်းမှာ ပုံပြင်ဆန်ဆန် ဒဏ္ဍာရီဆန်ဆန်၊ ရှေးလူကြီးတွေရဲ့ ပါးစပ်ရာဇဝင်တွေအရကော ကျော်ကြားထင်ရှားလှပါတယ်။ ပန်းကန်တိုက်ဆိုတာက ပင်လယ်ကမ်းစပ်၊ ကျောက်စိုင်ကျောက်တုံးကြီးတွေကြားမှာ ဂူပုံသဏ္ဍာန်ဖြစ်ပေါ်နေတယ်။ ဒီဂူကြီးအတွင်းမှာ ရှေးယခင်က ပန်းကန်ခွက်ယောက်တွေ အများအပြား ရှိနေကြတယ်။ ဒါပေမဲ့ ဒီပစ္စည်းတွေရဲ့အကြောင်းနဲ့ ပိုင်ရှင်



ဂေါ်ရန်ဂျီကျွန်း လိပ်ချိုင်စခန်းတွင် တွေ့ရသော ကျောက်ခြေထောက်များ။

ဖြစ်သူတွေကို ဘယ်သူကမှ တိတိကျကျမသိကြတော့ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ဒီဒေသ၊ ဒီပတ်ဝန်းကျင်မှာ နေထိုင်သွားကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေက အလှူမင်္ဂလာအခမ်းအနားတွေမှာ အသုံးပြုကြဖို့အတွက် ရွာဘုံအဖြစ် သိမ်းဆည်းစုဆောင်းထားခဲ့တယ်လို့ ဒေသခံ တချို့ကဆိုကြတယ်။ တချို့ကလဲ လူဆိုးသူခိုးဓားပြတွေက တစ်နေရာကနေ ဓားပြတိုက်ယူလာခဲ့ကြပြီး အလွယ်တကူ ထုခွဲရောင်းချလို့ မရနိုင်သေးခင် လာရောက်သိုဝှက်ထားနိုင်တာမျိုး ဖြစ်နိုင်ကြောင်းနဲ့ တချို့ကလဲ ပင်လယ်ရေကြောင်းခရီးကနေ လှည့်လည်ရောင်းချစီးပွားရှာနေကြတဲ့ ကုန်သည်တွေက အကြောင်းတစ်စုံတစ်ရာကြောင့် သိုဝှက်သိမ်းဆည်းထားတာမျိုးဖြစ်ကြောင်း စသဖြင့် ဒေသခံတွေက ပြောကြတယ်။ နောက်ပိုင်း ခေတ်ကာလတွေမှာတော့ ဂူအတွင်းမှာရှိနေတဲ့ ပန်းကန်တွေကို တစ်ယောက်ကယူ၊ နှစ်ယောက်ကယူနဲ့ အခုအချိန်မှာ ပန်းကန်ကွဲအပိုင်းအစတွေသာ ကျန်ရှိနေတော့တယ်။ ပန်းကန်တိုက်ဆိုတဲ့ ဂူကြီးထဲမှာ ပန်းကန်ကွဲစတွေကို ယနေ့တိုင် တွေ့နိုင်ပါသေးတယ်။

စက်လှေက ဈေးဆိုင်လေးတွေအရှေ့က ကမ်းစပ်မှာ ဆိုက်ကပ်လိုက်တာနဲ့ မိမိတို့မောင်နှမတွေက ကမ်းပေါ်တက်ပြီး တွေ့သမျှ၊ မြင်သမျှ ရှုခင်းတွေကို လေ့လာကြည့်ရှုကြရင်း ဓာတ်ပုံရိုက်ကြတယ်။ တွေ့မြင်သမျှနေရာအားလုံးက မှတ်တမ်းဓာတ်ပုံရိုက်ချင်စရာတွေပါ။ ဒီလိုနဲ့ ကျောက်ခွက်တွေ ပြည့်နှက်နေတဲ့ နေရာကနေ ကျောက်ဆောင်အမြင့်ပိုင်းနေရာကို ရောက်လာခဲ့ကြတယ်။ ဖြတ်သန်းကျန်ရစ်ခဲ့တဲ့ ကျောက်ခွက်တွေကြားမှာ ကောက်မဲ့သူမရှိ များပြားစုပုံနေတဲ့ ခရုခွံအမျိုးမျိုးကို တွေ့ရတယ်။ ရောက်ခဲ့သမျှ ပင်လယ်ကမ်းခြေတွေထဲမှာ ခရုခွံတွေအများဆုံးတွေ့ရတဲ့နေရာပါ။ ခရုခွံတွေက များပြားလွန်းတဲ့အတွက် ကောက်ယူနိုင်ခြင်းတောင် မရှိကြတော့ပါဘူး။ အလိုရှိသလောက် ကောက်ယူကြမယ်ဆိုရင်လဲ အပြန်ခရီးမှာ ကားတစ်စီးလုံး ခရုခွံတွေနဲ့ ပြည့်သွားတော့မှာပါ။

ကျောက်ဆောင်ကြီးပေါ်ကိုရောက်တော့ ပင်လယ်ရေတွေက အောက်မှာဖြစ်သွားကြပြီး ကျောက်ဆောင်ကို တဝုန်းဝုန်းရိုက်ခတ်နေတဲ့ မြင်ကွင်းကို အနီးကပ်မြင်တွေ့ကြရတယ်။ တစ်ခါတစ်ရံမှာ အလွန်ပြင်းထန်တဲ့ လှိုင်းလုံးကြီးတွေကြောင့် ပင်လယ်ရေတွေက ကျောက်ဆောင်ပေါ်ထိ ရောက်လာတတ်တယ်။ ကျောက်ဆောင်ကြီးရဲ့အပေါ်မျက်နှာပြင်ဧရိယာက အလျားပေ ၁၀၀ လောက်နဲ့ အနံပေ ၃၀၀ လောက် ကျယ်ဝန်းနေတယ်။ မျက်နှာပြင်မှာတော့ ခရုခွံတွေ၊ ဆားတွေပြည့်နေတဲ့ ကျောက်ခွက်တွေသာရှိနေကြတယ်။ ဒီကျောက်ဆောင်ကြီးပေါ်မှာပဲ နောက်ထပ်မြင့်မားတဲ့ ကျောက်တောင်ကြီး တစ်တောင်ရှိနေတယ်။ ကျောက်တောင်ကြီးက မြင့်မားနေပေမဲ့ အတက်အဆင်းလွယ်ကူနေတာကြောင့် ငယ်ရွယ်တဲ့ ခရီးသွားဧည့်သည်တချို့ အပေါ်ထိပ်ထိ ရောက်အောင်တက်ကြတယ်။ မိမိတို့အဖွဲ့ကတော့ ကျောက်တောင်ပေါ်ထိ မတက်ကြတော့ဘဲ ရောက်နေတဲ့နေရာကနေ ပင်လယ်ပြင်ရှုခင်းတွေနဲ့ သဘာဝအလှျောက်ဖြစ်ပေါ်နေတဲ့ မြင်ကွင်းတွေကို ကြည့်ရှုလေ့လာရင်း ဓာတ်ပုံတွေရိုက်ယူနေတယ်။

အချိန်က ညနေ ၃ နာရီကျော် ၄ နာရီခန့်ဖြစ်နေလို့ ကျောက်တောင်ကြီးရဲ့ အရိပ်ကောင်းကောင်းအောက်မှာ ရှုခင်းတွေ၊ မြင်ကွင်းတွေကို အေးအေးဆေးဆေးလေ့လာကြည့်ရှုခွင့်ရကြတယ်။ ဒီလိုကြည့်ရှုကြဖို့အတွက်လဲ မိမိတို့တဖြည်းဖြည်းလျှောက်လှမ်းနေကြတဲ့ ကျောက်ဆောင်၊ ကျောက်ပြင်ကြီးပေါ်က ကျောက်ခွက်တွေထဲမှာ အမျိုးအမည်မသိတဲ့ အရာတွေကို အများအပြားတွေ့မြင်နေရတယ်။ တချို့ခရုခွံတွေ၊ ရေသတ္တဝါတွေက အလွန်ဆန်းကြယ်နေတယ်။ တစ်နေရာအရောက် ရေအနည်းငယ်ရှိနေတဲ့ ကျောက်ခွက်တစ်ခုအတွင်းမှာ တလှုပ်လှုပ်ဖြစ်နေတဲ့ ရေသတ္တဝါတစ်ကောင်ကို ထူးထူးခြားခြားတွေ့မြင်လိုက်ရတယ်။ ရေသတ္တဝါက ရှစ်လက်မပတ်လည်လောက်ရှိနေတယ်။ ပင်ကိုအဖြူရောင်အပြင် သတ္တဝါရဲ့ဘေးမှာ အနက်ရောင်အရည်တွေလဲရှိနေတယ်။ မိမိတို့က အနီးကပ်ပြီး သေသေချာချာ ကြည့်ရှုလိုက်တော့မှ ရေဘဝဲကြီးတစ်ကောင်ဖြစ်နေတာကို သိရှိတွေ့ရတယ်။ ဒီရေဘဝဲကြီးက ဒီကျောက်ခွက်ထဲကို ဘယ်လိုရောက်နေတာလဲ၊ ရေဘဝဲတွေက ဒီလိုကျောက်ခွက်တွေအတွင်းမှာ နေထိုင်ကျက်စားကြတာလားဆိုပြီး စဉ်းစားပြောဆိုနေကြတုန်း၊ ကျောက်ဆောင်တစ်ခုကြားကနေ လူတစ်ယောက်ပေါ်လာတယ်။ တကယ်တော့ ဒီရေဘဝဲကြီးက ဖမ်းဆီးခြင်းခံထားရတာပါ။ ရေဘဝဲကြီးကို ဖမ်းဆီးပြီး ကျောက်ခွက်အတွင်းမှာ ခဏထည့်ထားတာဖြစ်ကြောင်း သိလိုက်ရတယ်။ ပင်လယ်ရေပြင်အနီးမှာ ရေဘဝဲဖမ်းသူတွေကိုတွေ့တယ်။

ကျောက်ဆောင်ကြီးပေါ်မှာ လမ်းလျှောက်လေ့လာနေကြရင်း တစ်နေရာအရောက်မှာ လမ်းဆုံးသွားပြီး ကျောက်တောင်ကြီးရဲ့နောက်ကို ရောက်ရှိလာကြတယ်။ ကျောက်တောင်ကြီးက ကျောက်ဆောင်ရဲ့အလယ်မှာတည်ရှိနေတာပါ။ ဒါကြောင့် မိမိတို့က ကျောက်တောင်ကြီးကိုပတ်ပြီး လမ်းလျှောက်နေကြတယ်။ ကျောက်တောင်ကြီးရဲ့ အရိပ်အောက်မှာ လမ်းလျှောက်ခဲ့ကြပေမဲ့ အခုတစ်ဖက်ခြမ်းမှာ နေပူဒဏ်ကိုခံရတော့တယ်။ ဒါပေမဲ့ ညနေပိုင်းနေကျချိန်ဖြစ်နေတာကြောင့် အလွန်ပူပြင်းနေတာမျိုး မဟုတ်ပါ။ ကျောက်တောင်ကြီးရဲ့ တစ်ဖက်ခြမ်းကို ရောက်ရှိလာတဲ့အခါမှာ ပိုမိုလှပတဲ့ ရှုခင်းတွေကို တွေ့မြင်ကြရသလို နေရဲ့အလင်းရောင်ကြောင့်လဲ ဓာတ်ပုံရိုက်လို့ ပိုကောင်းနေတယ်။ ထူးထူးခြားခြားအနေနဲ့ ဒီတစ်ဖက်ခြမ်းမှာ တွေ့မြင်နေရတဲ့ ကျောက်တောင်ကြီး တစ်တောင်လုံး အောက်ခြေကနေ အပေါ်ထိပ်ထိ ကျောက်ခွက်တွေနဲ့ ပြည့်နှက်နေတာပါ။ ကျောက်ခွက်တွေက သာမန်ကျောက်တွေပေါ်မှာ တွေ့မြင်နေခဲ့ရပေမဲ့ အခုကျောက်တောင်ကြီးရဲ့ အနိမ့်ပိုင်းကနေအမြင့်ပိုင်းထိ အဆင့်ဆင့် အများအပြားတွေ့မြင်နေကြရလို့ အံ့ဩနေကြရသလို လှပတဲ့ ဓာတ်ပုံမှတ်တမ်းတွေကို အမိအရရိုက်ယူကြတယ်။ တောင်ကမ်းပါး အမြင့်ပိုင်းနေရာတွေမှာ တွေ့မြင်နေရတဲ့ ကျောက်ခွက်တွေအရ တစ်ချိန်တစ်ခါတုန်းက ဒီနေရာထိ ပင်လယ်ရေတွေ ရောက်ရှိရိုက်ခတ်ခဲ့တယ်ထင်ပါတယ်။

ကျောက်တောင်ကြီးရဲ့ နောက်တစ်ဖက်မှာရှိနေတဲ့ ရှုခင်းတွေက အလွန်သာယာလှပကြတာကြောင့် ဒီနေရာမှာ အချိန်တွေ အတော်ကြာသွားခဲ့ရတယ်။ ဒ့ါပြင် ကျောက်ခွက်တွေအတွင်းမှာ မြင်တွေ့နေရတဲ့ ခရုခွံတွေကလဲ ထူးထူးခြားခြားလှပဆန်းကြယ်နေလို့ အချိန်ပေးပြီး ကောက်ယူနေရပြန်တယ်။ ခရီးသွားဧည့်သည်တွေ ဝင်ရောက်မှုနည်းပါးနေသေးတဲ့ လိပ်ချိုင်စခန်းမှာ လှပဆန်းပြားတဲ့ ခရုခွံတွေ အများအပြားရှိနေကြသေးပေမဲ့ နောင်တစ်ချိန်ဧည့်သည်တွေ များပြားလာတဲ့အချိန်မှာ လျော့နည်းသွားနိုင်ပါတယ်။ ရှုခင်းတွေကြည့်၊ ဓာတ်ပုံတွေရိုက်၊ ခရုတွေကောက်ပြီးကြတာနဲ့ ကျောက်ခွက်တွေပေါ်ကနေ လမ်းလျှောက်ရင်း ဈေးဆိုင်လေးတွေရှိရာကို ပြန်လာခဲ့ကြတယ်။ ဒါပေမဲ့ ကျောက်ခွက်တွေပေါ်မှာ လမ်းလျှောက်ရတာက သတိထားပြီး သေသေချာချာ ဂရုစိုက်လျှောက်နေကြရလို့ အချိန်ကြာပါတယ်။

ဈေးဆိုင်တန်းကို ရောက်ကြတာနဲ့ အုန်းစိမ်းရည်သောက်ကြတယ်။ ပင်လယ်ကမ်းခြေမှာ ပင်လယ်ပြင်ကြီးကိုကြည့်ပြီး အုန်းစိမ်းရည်သောက်ရတာက ထူးခြားတဲ့အရသာတစ်ခု ဖြစ်နေတာကြောင့် တစ်ယောက်တစ်လုံးမှာယူ သောက်ကြရတယ်။ လိပ်ချိုင်စခန်းတစ်ခုလုံးကို လှည့်လည်လေ့လာပြီး နားနားနေနေနဲ့ အုန်းရည်သောက်ရင်း ပင်လယ်ပြင်ကြီးရဲ့အလှကို ကြည့်ရှုခံစားကြရတာက စိတ်ကို ပိုမိုလန်းဆန်းလာစေပါတယ်။ အုန်းစိမ်းရည်သောက်ပြီးကြရင်တော့ နံ့သာပုစခန်းကို ပြန်လိုက်ပါအုံးမယ်။

# ချစ်စရာအရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# တံငါသည်နှင့် ရွှေရောင်ငါး

မင်္ဂလာပါ သားသားမီးမီးတို့ရေ ဒီတစ်ပတ် ဦးဦး ပြောပြမဲ့ ပုံပြင်ကတော့ "**တံငါသည်နှင့် ရွှေရောင်ငါး**" ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ အလွန်ဆင်းရဲတဲ့ တံငါသည်တစ်ယောက်ရှိသတဲ့ကွယ်။ တံငါသည်ဟာ အိမ်ထောင်ကျပြီးကတည်းက တံငါအလုပ်ကိုလုပ်ပြီး အသက်မွေးဝမ်းကျောင်းပြုသတဲ့။ တံငါသည်ဟာ အရက်သေစာ မသောက်၊ လောင်းကစားလဲ ကင်းရှင်းပြီး ရိုးသားကြိုးစားတဲ့ သူပေါ့ကွယ်။ သူ့ရဲ့ ရိုးသားမှု၊ ကြိုးစားမှုကြောင့် လူအများကလဲ ချစ်ခင်ကြသတဲ့။ ရွာသူ၊ ရွာသားတွေကလဲ ရိုးသားကြိုးစားတဲ့ တံငါသည်ဆီက ငါးတွေကိုပဲ ဝယ်ကြသတဲ့ကွယ်။

တစ်နေ့မှာတော့ တံငါသည်ဟာ ပိုက်ကွန်ကို ယူပြီး ငါးရှာထွက်သတဲ့။ အလွန်ကျယ်ပြန့်တဲ့ မြစ်ထဲမှာ တံငါသည်ဟာ ပိုက်ကွန်ကိုအဖော်ပြုရင်း ငါးတွေရဲ့ အသွားအလာကို ကြည့်နေသတဲ့။ တစ်နေ့လုံး ငါးရှာတာ ငါးတစ်ကောင်မှ မရဘူးတဲ့ကွယ်။ ဒါကြောင့် ပိုက်ကွန်ကိုသိမ်းပြီး အိမ်ကို ပြန်ဖို့ လုပ်နေသတဲ့ကွယ်။ အဲဒီအချိန်မှာ အလွန်ကြီးမားတဲ့ ငါးအုပ်ကို တံငါသည်မြင်သတဲ့။ ဒါကြောင့် ပိုက်ကွန်ကို လျင်မြန်စွာ ပစ်လိုက်သတဲ့ကွယ်။ အဲဒီနောက် ပိုက်ကွန်ကို ဆွဲယူလိုက်တဲ့အခါမှာတော့ ရွှေရောင်လက်နေတဲ့ ရွှေငါးတစ်ကောက်ကို တွေ့သွားသတဲ့။ ရွှေရောင်ငါးဟာ တံငါသည်လက်ထဲက လွတ်မြောက်ဖို့ အကြိမ်ကြိမ်ကြိုးစားပေမဲ့ မရဘူးတဲ့ကွယ်။ နောက်ဆုံးမှာတော့ ရွှေရောင်ငါးဟာ တံငါသည်ကို စကားဆိုသတဲ့။

"အသင် လူသား။ ငါ့ကို မသတ်ပါနဲ့။ ငါ့ရဲ့ဗိုက်ထဲမှာ ကလေးရှိတဲ့အတွက် ငါ့ကို လွှတ်ပေးပါ။ သင့်ကို ထိုက်တန်တဲ့ ရတနာပေးမယ်"လို့ ပြောသတဲ့ကွယ်။ တံငါသည်ဟာ လူစကားပြောတတ်တဲ့ ငါးကို အံ့ဩစွာ ကြည့်နေသတဲ့။

အဲဒီနောက် "အသင်ငါး ကျွန်ုပ်ဟာ အသက်မွေးဝမ်းကျောင်းအတွက် ငါးဖမ်းတဲ့အလုပ်ကို လုပ်ရတာဖြစ်တယ်။ သင်သာ ကျွန်ုပ်ကို ထိုက်တန်တဲ့ ရတနာပေးရင် အသင်ကိုသာမက အခြားငါးတွေကိုလဲ မဖမ်းဘဲနေပါ့မယ်"လို့ ဆိုလိုက်သတဲ့ကွယ်။ အဲဒီနောက် တံငါသည်နဲ့ ရွှေရောင်ငါးဟာ ကတိကဝတ်ထားလိုက်ပြီး ရွှေရောင်ငါးဟာ ရေထဲဆင်းသွားသတဲ့။ သိပ်မကြာခင်ပဲ ရွှေရောင်ငါးဟာ တံငါသည်ရဲ့ လှေရှေ့ကို ရောက်လာပြီး ရွှေတုံးတစ်တုံးကို ပေးလိုက်ကာ အဲဒီရွှေရောင်ငါးက "အသင်လူသား သင်အလိုရှိတဲ့အခါတိုင်း ကျွန်ုပ်ကို ခေါ်ပါ"လို့ စကားဆိုသတဲ့။ တံငါသည်ဟာ ရွှေတုံးကိုယူပြီး အိမ်ကိုပျော်ရွှင်စွာ ပြန်လာသတဲ့ကွယ်။



အိမ်ရောက်တော့ ရွှေတုံးကို ထုခွဲရောင်းချလိုက်တဲ့အခါ နေချင်းညချင်းချမ်းသာကြွယ်ဝသွားသတဲ့။ တံငါသည်ဟာ အသပြာလိုတိုင်း ရွှေရောင်ငါးဆီ ရွှေတုံးတွေ သွားတောင်းသတဲ့ကွယ်။ ဒါကြောင့် တံငါသည်ဟာ ဥစ္စာပစ္စည်းကြွယ်ဝတဲ့အပြင် အစေခံတွေလဲရှိလာတာပေါ့။ ဆင်းရဲတဲ့ဘဝကလိုပဲ ရိုးရိုးသားသားနဲ့အသပြာတွေကို ကြိုးစားရှာသတဲ့ကွယ်။ တစ်နေ့မှာတော့ တံငါသည်ရဲ့ ဇနီးဖြစ်သူဟာ နာမကျန်းဖြစ်လာသတဲ့။ ဒါကြောင့် ဇနီးအတွက် အကောင်းဆုံးဆေးဆရာတွေကိုခေါ်ပြီး ကုသသတဲ့။ ဆေးဆရာတွေနဲ့ ဘယ်လိုပဲ ကုကု တံငါသည်ရဲ့ ဇနီးဟာ အိပ်ရာထဲ လဲနေရှာသတဲ့။ နောက်ဆုံးမှာတော့ တံငါသည်ဟာ ဇနီးသည်ကိုပြုစုရင်း စည်းစိမ်ဥစ္စာတွေ လျော့နည်းလာသတဲ့ကွယ်။ တစ်နေ့မှာတော့ တံငါသည်ရဲ့အိမ်ကို ဆေးဆရာတစ်ယောက် ရောက်လာပြီး ဇနီးဖြစ်သူကို ဆေးကုသပေးဖို့ ပြောသတဲ့။ ဆေးဆရာဟာ လူနာကို စမ်းသပ်ပြီးတဲ့အခါ တံငါသည်ကို စကားဆိုသတဲ့။

"တံငါသည်ရေ မင်းရဲ့ဇနီး ရောဂါပျောက်ချင်ရင် ရွှေရောင်ရှိတဲ့ငါးရဲ့ အသားကို ချက်ကျွေးပါ" လို့ ပြောသတဲ့။ အဲဒီအချိန်မှာ တံငါသည်ဟာ ရွှေရောင်ငါးကြီးကို သွားသတိရလိုက်သတဲ့။ သူ့ရဲ့စိတ်ထဲမှာလဲ ပျော်ရွှင်သွားတာပေါ့ကွယ်။ ဒါကြောင့် ဆေးဆရာအိမ်က ဆင်းဆင်းချင်း ရွှေရောင်ငါးဆီ သွားဖို့ ဆုံးဖြတ်လိုက်သတဲ့။

မြစ်ထဲကိုရောက်တဲ့အခါ တံငါသည်ဟာ ရွှေရောင်ငါးကြီးကို လှမ်းခေါ်လိုက်သတဲ့ကွယ်။ ရွှေရောင်ငါးကြီးဟာ တံငါသည်ရဲ့အသံကို ကြားတဲ့အခါ ရွှေတုံးတစ်တုံးကို ယူလာပြီး ပေးဖို့လုပ်နေသတဲ့။ အဲဒီအချိန်မှာပဲ တံငါသည်ဟာ အလျင်အမြန် ပိုက်ကွန်နဲ့ပစ်လိုက်ပြီး ရွှေရောင်ငါးကို ဖမ်းလိုက်သတဲ့။ အဲဒီအခါ ရွှေရောင်ငါးက "အသင်လူသား ငါဟာ သင်အလိုရှိတိုင်း ရွှေတုံးတွေပေးနေပါလျက်၊ အဘယ်ကြောင့် ကျွန်ုပ်ကို ဖမ်းသလဲ"လို့ စကားဆိုသတဲ့။ အဲဒီအခါ တံငါသည်က "အသင်ငါး ကျွန်ုပ်ဟာ အခုရွှေမလို အသင်ရဲ့အသားကိုသာ လိုတယ်။ အသင်ရဲ့အသားဟာ ကျွန်ုပ်ဇနီးရဲ့ ရောဂါကို ပျောက်နိုင်တယ်။ ဒါကြောင့် အသင့်ကို ဖမ်းရတာဖြစ်ကြောင်း"ပြောသတဲ့ကွယ်။

အဲဒီအခါ ရွှေရောင်ငါးက "အသင်လူသား ကျွန်ုပ်ဟာ သင်အလိုရှိတိုင်း ရွှေတုံးတွေကို ပေးခဲ့တယ်။ အခုလဲ ကျွန်ုပ်ရဲ့အသက်ကို လိုချင်ရင် ကြည်ဖြူစွာပေးပါတယ်"လို့ သာယာတဲ့အသံနဲ့ ဆိုလိုက်သတဲ့ကွယ်။ ရွှေရောင်ငါးရဲ့ စကားကြောင့် တံငါသည်ဟာ တွေဝေသွားသတဲ့။ အဲဒီနောက် ရွှေရောင်ငါးကို မြစ်ထဲလွှတ်လိုက်သတဲ့ကွယ်။


အဲဒီနောက် "အသင်ငါး သင်ရဲ့ကျေးဇူးကြောင့် ကျွန်ုပ်ဟာ တံငါသည်ဘဝက လွတ်ခဲ့ဖူးတယ်။ အခုလဲ သင်ရဲ့အသက်ကို တွန့်ဆုတ်ခြင်းမရှိ ကျွန်ုပ်ကို ပေးတယ်။ သင်ဟာ စိတ်ထားမွန်မြတ်တယ်။ မေတ္တာတရားကြီးမားတယ်။ ဒါကြောင့် သင့်ကို ကျွန်ုပ် မသတ်ရက်ပါ"လို့ တံငါသည်က ဆိုသတဲ့ကွယ်။ အဲဒီအခါ ရွှေရောင်ငါးက "အသင်လူသား ငါဟာ သင့်ကြောင့်သာ ငါရဲ့ သားသမီးတွေ အသက်ချမ်းသာရာရခဲ့တယ်။ ဒါကြောင့် ငါ့ခံတွင်းထဲက ရွှေခဲကို သင့်ဇနီးအား ကျွေးပါ။ သင့်ဇနီး ပြန်လည်ကျန်းမာလာပေမယ်"လို့ စကားဆိုကာ မြစ်ထဲကူးခပ်သွားသတဲ့။ တံငါသည်လဲ ရွှေရောင်ငါးပေးတဲ့ ရွှေခဲကို ဇနီးဖြစ်သူအား ကျွေးလိုက်သတဲ့။ ဇနီးဖြစ်သူဟာ ချက်ချင်းဆိုသလို ရောဂါပျောက်ပြီး ကျန်းမာလာသတဲ့ကွယ်။ နောက်ဆုံးမှာတော့ တံငါသည်လင်မယားဟာ တံငါအလုပ်ကို အပြီးတိုင်စွန့်လွှတ်ပြီး ကောင်းမှုကုသိုလ်တွေကိုလုပ်ကာ အေးအေးချမ်းချမ်းနေထိုင်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။ သားသားမီးမီးတို့လဲ ဘဝမှာ သူတစ်ပါးအသက်ကို မသတ်ဘဲ သတ္တဝါတွေအပေါ်မှာ မေတ္တာထားပြီး အေးချမ်းသောဘဝကို ပိုင်ဆိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ကွယ်။ ။

**မောင်ပုည(ဟသ်ာတမြေ)**

## မင်္ဂလာ ချိုးဖြူ

- ငွေချိုးဖြူလေး မင်္ဂလာ
  အသံလွန်သာယာ၊
  ငြိမ်းချမ်းပြည်ရွာ ဘေးရန်ကင်း
  ကောင်းသတင်း ဆောင်ကြဉ်း။
- ဆင်းရဲမှုကင်း ကျက်သရေ
  တိုးတက် စီးပွားတွေ၊
  ပြည့်စုံမည်လေ အမှန်ပ
  ကောင်းသော နိမိတ်ပြ။ ။



**မောင်စစ်သွေး**

## မေတ္တာတန်ခိုး

- စိတ်နှလုံးထဲ မြဲအစဉ်
  မေတ္တာပွားစေချင်။
- အမုန်းကင်းစင် နှလုံးလှ
  မျက်နှာရွှင်ကြည်ပျ။
- မျက်နှာလှပ ကြည်လင်စွာ
  လူများချစ်ခင်ရာ။
- မေတ္တာတန်ခိုး လွန်ကြီးမား
  နေ့စဉ်မေတ္တာပွား။ ။



**ချမ်းငြိမ်းဝင်း(မိုးညှင်း)**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၈၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၈၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ဝါ ၁၇၈၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဝါစိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၈၇၄၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဝါ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ အထွက်နှုန်းကောင်းမွန်ရေးနဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲနိုင်ရေး ဝါမျိုးစေ့တွေ ထောက်ပံ့ပေးနေပါတယ်"ဟုမုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရန် စိုက်နည်းစနစ် မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများ လိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


**စဉ့်ကိုင် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မုန့်ပေါင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ ဒသမ ၈၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မုန့်ပေါင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၂ ဒသမ ၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၇ ဒသမ ၅၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၅ ဒသမ ၈၅ သန်း ထုတ်ချေးပေးထားကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**






## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၂၄၄/ခ)၊ ဦးပိုင်အမှတ်(၈၇)၊ ဒေါ်သန်းညွှန့် အမည်ပေါက်(အလျား ၃၀'-၀" x အနံ ၄၈'-၀")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဦးစိုးမင်း + ဒေါ်ယဉ်ယဉ်ထွေး(၉/မခန(နိုင်)၁၅၉၆၂၀)ကိုင်ဆောင်သူမှ (အလျား ၂၄'-၀" x အနံ ၂၄'-၀")RC (၂)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၉/၇)၊ ဦးပိုင်အမှတ်(၃၈/က)၊ ဒေါ်ပေါ်ညွှန့် အမည်ပေါက်(အလျား ၇၀'-၀" x အနံ ၃၀'-၀")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်ပေါ်ညွှန့်(၉/မခန(နိုင်)၂၁၄၃၆၉)ကိုင်ဆောင်သူမှ (အလျား ၃၀'-၀" x အနံ ၂၀'-၀") IronFram (၁)ထပ်အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄)နေ (ဘ) ဦးတင်ဆောင်(၉/မရတ(နိုင်)၀၉၈၃၃၇) မိခင် ဒေါ်ဒေါင်း(၉/မရတ(နိုင်)၀၉၈၂၀၂)တို့၏သမီးဖြစ်သူ မမော်မော်ခိုင် (ခ) မမော်(၉/ခမစ(နိုင်)၀၄၄၀၄၂)သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသည့်အပြင် မိမိဆန္ဒသဘောအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မှတ်ချက်-စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးတင်ဆောင်(၉/မရတ(နိုင်)၀၉၈၃၃၇)

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၁၂-က)၊ ဦးသိန်းဆွေ အမည်ပေါက် (အလျား ၄၀' x အနံ ၂၃")အတိုင်းအတာရှိသော ဝိုင်းမြေပေါ်တွင် ဒေါ်ခင်မြင့်(၉/မခန(နိုင်)၀၁၇၆၇၆) ကိုင်ဆောင်သူမှ (အလျား ၂၄'-၀" x အနံ ၁၆'-၀") Iron Frame (၁)ထပ်အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ဖခင်အမည်မှန်

အမရပူရမြို့နယ်၊ တမုတ်ဆိုးအထက၊ Grade-10 တွင် ပညာသင်ကြားနေသော မောင်စိုးဟန်ထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန်းမင်းဦး ဖြစ်ပါကြောင်း။

ဦးသန်းမင်းဦး(၉/အမရ(နိုင်)၁၂၁၆၃၀)

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ မန္တလေး-စစ်ကိုင်းလမ်း၊ ဗားကရာအကွေ့နေ လင်းလု (ခ) လှအေး (ဘ) ဦးတင်ချိန်ဟွ (ခ) လောတင်(၁/ဗမန(နိုင်)၀၀၁၈၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-551300)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-259898448







"အဂတိပယ်ရှား ပြည်သာယာ"

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား စာမျက်နှာ - ၁၈

မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ရေအားလျှပ်စစ်စီမံကိန်း ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ် လက်မှတ်ရေးထိုး စာမျက်နှာ - ၂၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts နှင့် Patuxai (Victory Gate)သို့ သွားရောက်လေ့လာ



နေပြည်တော် ဇူလိုင် ၄

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Co-operation and Cama Crafts သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လာအိုအသေးစား၊အငယ်စားစက်မှုလုပ်ငန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ ထုတ်လုပ်ထားသည့် ချည်ထည်များနှင့် ပိုးထည်များကို ကြည့်ရှုပြီး လာအိုရိုးရာသဘာဝအသီးများမှ ဆပ်ပြာထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတက လာအိုရိုးရာ သဘာဝဆပ်ပြာပြုလုပ်ရန်ထုတ်လုပ်ထားသည့် **စာမျက်နှာ ၁၇ ကော်လံ ၁** ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုရိုးရာ သဘာဝအသီးများမှ ဆပ်ပြာထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

## ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ စတုတ္ထနေ့ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့ ခြောက်ပေါက်တန်း အမျိုးသားပြိုင်ပွဲ ပွဲစဉ်များ **စာမျက်နှာ ၂၆ ကော်လံ ၁** ❍



ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ် နန့်သဲကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

## တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မဲဇာကျေးရွာနှင့်နန့်သဲကျေးရွာတို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဇူလိုင် ၄

NUG၊ CRPH အကြမ်းဖက်အဖွဲ့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ၎င်းတို့အလိုကျ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့၊ရွာများကို ယာယီစိုးမိုးကာ **စာမျက်နှာ ၂၅ ကော်လံ ၁** ❖

## မြန်မာယူ-၂၀ အသင်း တရုတ်ဟောင်ကောင် ယူ-၂၀ အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၄

ယခုနှစ်အတွင်း ကျင်းပမည့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ-၂၀ အသင်းနှင့် တရုတ်ဟောင်ကောင် ယူ-၂၀ အသင်းတို့၏ ခြေစမ်းပွဲ ပထမပွဲကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာ မြန်မာအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျပန်နည်းပြ ယူဂျီ လေ့ကျင့်ပေးလျက်ရှိသည့် မြန်မာ ယူ-၂၀ အသင်းသည် **စာမျက်နှာ ၂၂ ကော်လံ ၁** ●

နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို စာမျက်နှာ - ၂၄